မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၁၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးသာအေး မြစ်ကြီးနား-နမ္မတီး(တနိုင်း)လမ်းရှိ နန်းကွေ့ချောင်းတံတား ဖွင့်လှစ်ပေး

နေပြည်တော် ဇန်နဝါရီ ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဇန်နဝါရီ ၁၅ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြစ်ကြီးနား-နမ္မတီး(တနိုင်း)လမ်း၌ ကျင်းပသည့် နန်းကွေ့ချောင်းတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ တံတားဖွင့်ပွဲသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ တိုင်းမှူးက အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက နန်းကွေ့ချောင်းတံတား တည်ဆောက်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၆ ■

နေပြည်တော် ဇန်နဝါရီ ၁၈

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့သည် ကျွန်းပေါ်၌ တည်ရှိသည့် အတွက် အခြားမြို့နယ်များနှင့် ဆက်သွယ်ရာတွင် ခေတ်အဆက်ဆက် ရေလမ်းကိုသာ အားထားအသုံးပြုခဲ့ရသည်။ ပြီးခဲ့သည့် ဇန်နဝါရီ ၉ရက်က မော်လမြိုင်ကျွန်းမြို့၌ ရာဇူဒိုင်တံတား အမှတ်(၂)ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ရာ မော်လမြိုင်ကျွန်း-ရွှေတောင်မော်-ကျိုက်ပိမြို့များသို့ မော်တော်ကားလမ်းဖြင့် ပိုမိုလွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၄ ✳

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်၌ တည်ဆောက်လျက်ရှိသည့် ရာဇူဒိုင်တံတား အမှတ်(၁)၏ မော်လမြိုင်ကျွန်းဘက်ကမ်းတွင် ဘိုးပိုင်တူးခြင်းလုပ်ငန်းကို ဤသို့ဆောင်ရွက်နေသည်။

ဓာတ်ပုံမှတ်တမ်း-မောင်မောင်သန်း (သတင်းစဉ်)

သတင်းဆောင်းပါး - တင်ထွေး (သတင်းစဉ်)

ဓာတ်ပုံမှတ်တမ်း - မောင်မောင်သန်း (သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

ရာဇူဒိုင်တံတား အမှတ်(၁)

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်၌ တည်ဆောက်လျက်ရှိသည့် ရာဇူဒိုင်တံတား အမှတ်(၁)၏ မော်လမြိုင်ကျွန်းဘက်ကမ်း၌ ရေလယ်တိုင်များ သံရက်မတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုမြင်ကွင်း။

ဓာတ်ပုံမှတ်တမ်း-မောင်မောင်သန်း (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နှင့် ဆက်သွယ်သွားလာရေး ပိုမိုလွယ်ကူလာစေမည့် ရာဇူဒိုင်တံတား အမှတ် (၁) နှင့် အမှတ် (၂)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၉ရက်)

နိုင်ငံတစ်ဝန်း ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခဲ့ပြီ

မြန်မာနိုင်ငံတွင် နိုင်ငံသားတိုင်းစာတတ်မြောက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် ဖော်ဆောင်လျက်ရှိသည်။ စာတတ်မြောက်ပြီးသူတိုင်းရင်းသားပြည်သူများ နှစ်စဉ်တိုးတက်လျက်ရှိရာ မြန်မာနိုင်ငံ၏ ၂၀၀၉ခုနှစ် စာတတ်မြောက်မှုနှုန်းသည် ၉၄ဒသမ ၈၉ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပြီး အာရှနှင့်ပစိဖိတ်ဒေသအတွင်း စာတတ်မြောက်မှုနှုန်းမြင့်မားသော နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

စဉ်ဆက်ပညာရေးအစီအစဉ်အရ ရရှိလာပြီးသည့်ပြည်သူများ၏ အခြေခံစာတတ်မြောက်မှုလုပ်ငန်းများ ရေရှည်အကောင်အထည်ဖော်ရာတွင် စာဖတ်ရှိန်မြင့်တင်ရေးအတွက် ကျေးလက်စာကြည့်တိုက်နှင့် ရပ်ရွာပညာဌာနပေါင်း ၅၈၃၂၈ခုဖြင့် ဖြန့်ကြက်လွှမ်းခြုံထားနိုင်ပြီဖြစ်သည်။

ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များ တိုးတက်ထူထောင်နိုင်ရန်နှင့် ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် ဆက်လက်ကြိုးပမ်းလျက်ရှိရာ ဒီဇင်ဘာ ၇ရက်နေ့က ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် အိုးထိန်းကုန်းကျေးရွာ ရွှေအိုးကြီးစာကြည့်တိုက်ကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၆ရက်နေ့က ကသာခရိုင် ပင်လည်ဘူးမြို့နယ် တောင်ဒွန်းအုပ်စု ဆိုင်ယားကြီးကျေးရွာ၌ ပညာ့အလင်းစာကြည့်တိုက်ကိုလည်းကောင်း၊ ဇန်နဝါရီ ၁၅ရက်နေ့က နေပြည်တော်တပ်ကုန်းမြို့နယ် အင်ပင်ကျေးရွာ၌ အလင်းသစ်စာကြည့်တိုက်ကိုလည်းကောင်း ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့သည်။

စာကြည့်တိုက်အဆောက်အအုံမရှိသေးသည့်ကျေးရွာများ၌ ကိုယ်ပိုင်အဆောက်အအုံ ပရိဘောဂစုံလင်စွာ ရရှိရေး၊ စာအုပ်စာစောင်အသစ်များရရှိရေး၊ ကျွမ်းကျင်သည့်စာကြည့်တိုက်မှူးများ လေ့ကျင့်ပျိုးထောင်ရေးတို့ကို ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ကျေးလက်ဒေသနေ ပြည်သူများ၏ အသိဉာဏ်ဗဟုသုတ ပြည့်စုံမှသာလျှင် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။

စာကြည့်တိုက်များတိုးချဲ့ဖွင့်လှစ်နိုင်ခြင်းသည် ကျေးလက်ဒေသပြည်သူများ စာပေဖတ်ရှုလေ့လာမှု အသိပညာဗဟုသုတများ မြင့်မားတိုးတက်လာမှုကို အထောက်အကူပြုလျက်ရှိရာ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ အရှည်တည်တံ့ကာ ခိုင်ခိုင်မာမာရပ်တည်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း ကုန်စည်ဒိုင်နှင့် ခေတ်မီဆန်စက် တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းသည် ဇန်နဝါရီ ၁၅ရက်တွင် အောင်လံမြို့ ကုန်စည်ဒိုင်၌ ပဲမျိုးစုံ နမူနာများနှင့် ဒေသတွင်း ပဲ၊ နှမ်းရောင်းဝယ်မှု အခြေအနေတို့ကိုလည်းကောင်း၊ ပြည်မြို့ ဝါးနွယ်စုကျေးရွာ၌ နွေစပါးစိုက်ပျိုးရန် ပြင်ဆင်ထားသော ပျိုးပင်များနှင့် စက်ကိရိယာများကိုလည်းကောင်း၊ ဇန်နဝါရီ ၁၆ရက်တွင် ကြို့ပင်ကောက်မြို့ ဦးပြားကြီးဆန်စက်၌ တန် ၆၀ ကျ ခေတ်မီဆန်စက်တည်ဆောက်နေမှုကိုလည်းကောင်း၊ လက်ပံတန်းမြို့နယ် သာလိကာကျေးရွာ၌ အောင်မြင်ဖြစ်ထွန်းနေသည့် မတ်ပဲစိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သန့်ရှင်းရေး ဆောင်ရွက်

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကလောမြို့မဈေး အတွင်း၊ အပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ပျံကျဈေးတန်းရှိ အမှိုက်များအား နေ့ချင်းပြီး သိမ်းဆည်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)



မုံရွာမြို့ အထက (၃) ပညာရေးစုံညီပွဲတော် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဇန်နဝါရီ ၃ရက်တွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် စစ်ကိုင်းတိုင်း ၂၀၁၀ခုနှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားသို့ တက်ရောက်ဆုချီးမြှင့်သည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားမုခ်ဦးကို စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့ ရဲမှူးကြီး သူရတင်လှနှင့် တိုင်းပညာရေးမှူး ဦးမြတ်ထွဋ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းမှူးနှင့် ဧည့်သည်တော်များက ပညာရေးလှုပ်ရှားမှုမှတ်တမ်း ပြကွက်ပြခန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ပင်မကျောင်းဆောင် အပေါ်ထပ်မှ မုံရွာမြို့ပေါ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းများရှိ ကျောင်းသား ကျောင်းသူလေးများက ဂူရှူး၊ ကာယလေ့ကျင့်စဉ်များ၊ ဘင်ခရာ၊ ပန်းဖွားနှင့် ကဗျာလွတ် အကများဖြင့် စွမ်းရည်ပြ သရုပ်ပြတင်ဆက်မှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ၄င်းကျောင်းခန်းမဆောင်အတွင်း ကျင်းပသည့် ၂၀၁၀ခုနှစ် စစ်ကိုင်းတိုင်း ပညာရေးစုံညီပွဲတော် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားခဲ့ပြီး တိုင်းပညာရေးမှူးဦးမြတ်ထွဋ်က ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအစီအစဉ်ကို စတင်ကျင်းပရာ တိုင်းမှူးက ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများကို ချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ တာဝန်ရှိသူများက ၂၀၀၉-၂၀၁၀ ပညာသင်နှစ် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာပေဘာသာရပ် ထူးချွန်ဆုရရှိသူများ၊ အားကစားပြိုင်ပွဲနှင့် စွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်ပေးအပ်ရာ ဆုရရှိသူများက အသီးသီး လက်ခံယူကြသည်။ ထို့နောက် မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းကို သီဆိုကာ အခမ်းအနား အောင်မြင်စွာ ပြီးစီးခဲ့သည်။

(သတင်းစဉ်)

စီးပွားရေးတက္ကသိုလ် ဘွဲ့ရများ ဆရာကန်တော့မည်

ရန်ကုန် ဇန်နဝါရီ ၁၈

၁၉၉၄-၉၅ ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ၏ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံ ညစာစားပွဲအတွက် အစည်းအဝေးကို ဇန်နဝါရီ ၂၃ရက် (စနေနေ့)မွန်းလွဲ ၂နာရီတွင် လှိုင်မြို့နယ် ကန်လမ်းတံတားဖြူ Spring ဆိုင်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ဦးသန့်ဇင် ဖုန်း-၀၉-၅၀-၁၁၉၅၉၊ ဦးကိုကိုလေး ဖုန်း-၀၉-၈၀-၃၄၀၅၉၊ ဦးရဲနိုင် ဖုန်း-၀၉-၅၁-၃၅၃၈၀၊ ဦးထွန်းဇော်သောင်း ဖုန်း-၀၉-၅၀-၀၁၃၉၁၊ ဦးဟန်အေး ဖုန်း-၀၉-၈၇-၃၀၁၃၂၊ ဦးနေလင်းအောင် ဖုန်း-၅၀၄၇၃၇၊ ဒေါ်ဌေးဌေးအောင် ဖုန်း-၀၉-၅၀-၇၀၂၈၄၊ ဒေါ်ထားထားလွင် ဖုန်း-၀၉-၅၅-၀၆၈၀၇၊ ဒေါ်အေးသန္တာခိုင် ဖုန်း-၀၉-၅၀-၀၄၉၆၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပျော်ဘွယ်မြို့နယ် ဖွဲ့သင်းကျေးရွာ စာကြည့်တိုက် ဆောက်လုပ်မှု ကြည့်ရှုစစ်ဆေး

ပျော်ဘွယ် ဇန်နဝါရီ ၁၈

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မေသန္တာအောင်သည် ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ဖွဲ့သင်းကျေးရွာအုပ်စု ဖွဲ့သင်းကျေးရွာသို့ ရောက်ရှိပြီး နိုင်ငံတော် မတည်လှူဒါန်းငွေဖြင့် ဆောက်လုပ်လျက်ရှိသော ကျေးရွာစာကြည့်တိုက် ဆောက်လုပ်မှုအခြေအနေကို ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးသည် ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ စာကြည့်တိုက် အဆောက်အအုံကို သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် စံ (၅)ချက်နှင့် ညီညွတ်သော စာကြည့်တိုက် ဖြစ်ပေါ်လာရေးတို့ကို မှာကြားခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

တာမွေမြို့နယ် ၁၆၄လမ်း အမှတ် ၅၁နေ ဦးစံ-ဒေါ်ညွန့် သားသမီး မြေးတစ်စုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် စောင့်ရှောက်ရေးသူနာပြု ဒေါ်ဝင်းဝင်းရွှေတို့က လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

မြဝတီရုပ်မြင်သံကြား

၁၉-၁-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနှားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လှျှပ်တစ်ပြက်
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄:၃၅ ၅။ အင်္ဂလိပ်စာသုတ
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ မြန်မာသံစဉ်ချိုနှားဝင်
- ၅:၁၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၂။ လှျှပ်တစ်ပြက်
- ၆:၄၀ ၁၃။ အကြင်နာလက်တစ်စုံ
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားမှတ်တမ်း** (အပိုင်း-၉)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ ဟာသရုပ်စုံ
- ၂၁။ ဗွီစီဒီကျော်ကြားတေး
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၁၂)

■ *ရှေ့ဖုံးမှ*

တက်ရောက်

ထို့နောက် နန်းကွေ့ချောင်းတံတား ဖွင့်ပွဲမှခ်ဦးရှေ့၌ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က နန်းကွေ့ချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့် တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားများသည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် နန်းကွေ့ချောင်းတံတား ကမ္ပည်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ တံတားသစ်ကို ဖြတ်သန်းကြည့်ရှု၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယနေ့ဖွင့်လှစ်သည့် နန်းကွေ့ချောင်းတံတားသစ်သည် ကချင်ပြည်နယ် မြစ်ကြီးနား -နမ္မတီး(တနိုင်း)လမ်းပေါ်၌ တည်ရှိပြီး တံတားအရှည် ၂၆၂ပေ၊ အကျယ်၂၄ပေနှင့် ခန်းဖွင့် လေးခန်းပါ သံကူကွန်ကရစ်တံတားဖြစ်ကာ တံတား၏ ခံနိုင်ဝန်မှာ တန်၆၀ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဝက်လက်၊ရွှေဘိုနှင့် စစ်ကိုင်းမြို့နယ် စည်ပင်လုပ်ငန်းများ

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ယနေ့နံနက်ပိုင်းတွင် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဟံလင်း-သခွတ်တော-ဝက်လက်လမ်းကို အရှည်ပေ ၈၅၀၀၊ အကျယ် ၂၄ပေရှိ တစ်ဖက်ဆည် မြေသားလမ်းအဖြစ် ဖောက်လုပ်ပြီးစီးမှု၊ ဝက်လက်မြို့ ဘူတာရုံလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ဗိုလ်ရိုင်လမ်းရှိ မြို့မစက်ရေတွင်းနှင့် ဝက်လက်မြို့မဈေးကြီးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ရွှေဘိုမြို့သို့ တိုးချဲ့ ရေပေးဝေနိုင်ရေးအတွက် ၁၀လက်မ ကွန်ကရစ်ပိုက်လိုင်းများ သွယ်တန်းနေမှုနှင့် မဟာနန္ဒာကန်ရှိ ရေစစ်ကန်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၁၆ရက် နံနက်ပိုင်းတွင် ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရွှေဘိုမြို့မဈေး၊စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ တင်းတိပ်ရွာ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း တူးဖော်ထားသော စက်ရေတွင်းနှင့် ခရိုင်ချင်းဆက်လမ်းအမှတ် (၃)၌ ဝမိုင်မှ ၃မိုင်အထိ ကျောက်ခင်းနေမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး နန်းကွေ့ချောင်းတံတားဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နန်းကွေ့ချောင်းတံတား

ကချင်ပြည်နယ် မြစ်ကြီးနား-နမ္မတီး(တနိုင်း)လမ်းပေါ်၌ တည်ရှိသည့် နန်းကွေ့ချောင်းတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

လက်တွေ့အသုံးချ JAVA, J2EE သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၈

ကွန်ပျူတာ Programming နည်းပညာရပ်များကို စိတ်ဝင်စားသူများနှင့် ပြည်တွင်း ပြည်ပ၌ အောင်မြင်သော JAVA/J2EE Developer တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် လက်တွေ့အသုံးချ Programming သင်တန်းများကို Gusto ကွန်ပျူတာနည်းပညာ သင်တန်းကျောင်းမှ နိုင်ငံတကာ Software Development အတွေ့အကြုံရှိ ဆရာများက သင်ကြားပေးမည်ဖြစ်သည်။

စနစ်တကျ

သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာလူငယ်များ Programming နည်းစနစ်များကို စနစ်တကျ နားလည်တတ်ကျွမ်း၍ လုပ်ငန်းခွင်တွင် ထိထိရောက်ရောက် အသုံးချစေရန်ဖြစ်ပြီး ယင်းရည်ရွယ်ချက်ပြည့်မီစေရန် Gusto က JAVA /J2EE သင်တန်းများကို Level နှစ်ဆင့်ခွဲ၍ သင်ကြားပေးလျက်ရှိသည်။

Level (1)ဖြစ်သော Software Solution with J AVA သင်တန်းတွင် JAVA ၏ အဓိကကျသော Core Progra mmingTechnique နှင့် Concepts များကို လေ့လာရမည်ဖြစ်ပြီး သင်တန်းသားများ၏ Programming နှင့်စပ်လျဉ်းသော အတွေးအခေါ်၊ အယူအဆများ မြင့်မားတိုးတက်လာစေရန် လေ့ကျင့်ပေးမှုများလည်း ပါဝင်မည်ဖြစ်သည်။

ယင်းကဲ့သို့ Programming ဆိုင်ရာ အနှစ်သာရများ၊ အယူအဆများကို စနစ်တကျ နားလည်သဘောပေါက်ခဲ့ပါက နောင်အသစ်အသစ်ပေါ်လာမည့် Programming Languageများကို မိမိကိုယ်တိုင် လေ့လာရုံဖြင့် နားလည်တတ်ကျွမ်းနိုင်မည်ဖြစ်သည်။

သင်ကြားပေး

အဆင့်မြင့် Level(2) အတန်းဖြစ်သော Web JAVA /J2EEသင်တန်းတွင် Database နှင့် ချိတ်ဆက်၍ Internet ပေါ်တွင် အသုံးပြုနိုင်သော Dynamic Web Application တစ်ခုကို တည်ဆောက်နိုင်ရန်အတွက် သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းပြီးဆုံးပါက သင်တန်းသားများအနေဖြင့် Web Applicationများကို ကိုယ်တိုင် တည်ဆောက်နိုင်မည်ဖြစ်ပြီး ပြည်တွင်းပြည်ပ Softwareလုပ်ငန်းခွင်သို့ Web Development တစ်ယောက်အနေဖြင့် တိုက်ရိုက်ဝင်ရောက် လုပ်ကိုင်နိုင်စေမည်ဖြစ်သည်။

တက်ရောက်နိုင်

အဆိုပါသင်တန်းများကို Programming အခြေခံရှိသူ မည်သူမဆို တက်ရောက်နိုင်ကြပြီး Programming အခြေခံမရှိသေးသူများသည် Programming Fundamental သင်တန်းမှတစ်ဆင့် တက်ရောက်နိုင်ကြသည်။ သင်တန်းတစ်ခုလျှင် သင်တန်းသား ဦးရေ ၁၅ဦးစီသာ လက်ခံမည်ဖြစ်၍ စိတ်ပါဝင်စားသူများသည် Gusto အမှတ်၁၁ ပထမထပ် ရွှေတောင်တန်းလမ်း (အောက်ဘက်)၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၂၀၅၂နှင့် ၂၂၄၄၉၆တို့သို့ အမြန်ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် ပြည်မြန်မာ ဂျာနယ်ထွက်နေပြီ

ရန်ကုန် ဇန်နဝါရီ ၁၈

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၀၁)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Groupမှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "ယခုနှစ် အကယ်ဒမီပွဲ၌ ဇာန်းကိုင်ကြမည့်သူ ခြောက်ဦး၊ ကိုကိုးကျွန်းတွင် စီးပွားဖြစ် ရေလုပ်ငန်းလုပ်ကိုင်နိုင်သော အလားအလာကောင်း များရှိ၊ ပြည်တွင်းရေကြောင်းသင်္ဘောများ ရေပေါ်သွားဟိုတယ်ဝန်ဆောင်မှုအတိုင်း ဆောင်ရွက်မည်၊ ဒီဇယ်ဆီ တင်သွင်းဖြန့်ဖြူးရန် အများပိုင် ကုမ္ပဏီ တစ်ခုဖွဲ့စည်းမည်၊ စဉ့်ဓာတ်ခွဲခန်း တည်ဆောက်ပြီးစီး၍ စဉ့်ပြခန်းနှင့် စဉ့်စာကြည့်တိုက် တို့လည်း မကြာမီပြီးတော့မည်၊ ပထမဆုံးသော ပုဂ္ဂလိကပိုင် ငါးသုတေသန စင်တာဖွင့်မည်၊ မြို့ ၁၅မြို့တွင် FM Stationများ တည်ဆောက်လျက်ရှိ၊ ကိုရီးယားထုတ် ခရီးသည်တင် ကားအစီးရေ ၁၀၀ကျော်ကို ယခုနှစ်အတွင်း တင်သွင်းမည်၊ နိုင်ငံတကာ၌ လေယာဉ်မှူး လိုအပ်ချက်ကြောင့် လူငယ်များ စိတ်ဝင်စားမှု ပိုမိုလာ၊ ယခုလ ၃၀ရက်တွင် အင်္ဂါဂြိုဟ်နှင့်ကမ္ဘာ တစ်တန်းတည်းကျရောက်မည်၊ နာဂစ်ပန်းပုရုပ်တုပေါင်း ၈၀၀ကျော်ကို တရုတ်သို့ တင်ပို့မည်၊ အကျဉ်းသားများ စိုက်ပျိုးထားသည့် ရော်ဘာများကို လေလံတင်ရောင်းချမည်။ ကမ်းခြေများ၌ ဖြစ်ပေါ်တတ်သော ရေဆွဲခြင်းကို နားလည်ထားပါက အသက်အန္တရာယ်မဖြစ်နိုင်၊ ပြင်ပအမြင်မကောင်းသော စီးတီးတက္ကစီများကို စစ်ဆေးအရေးယူမည်၊ ပြည်ပသို့ဆန်တင်ပို့ရန် ပျက်ကွက်ခဲ့သည့် ကုမ္ပဏီများ လိုင်စင်ပြန်လည်အပ်နှံ၊ Miss Tourism ဆုရရှိသူ ခရီးသွားလုပ်ငန်း၏ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်နိုင်၊ နှစ်ပေါင်း ၁၀၀၀အတွင်း အကြာဆုံး နေကြတ်ခြင်းနှင့်ပတ်သက်၍....၊ ဟောင်ကောင်နိုင်ငံ၌ အင်အားပြင်း လျှောင်လှုပ်ရာ တစ်နိုင်ငံလုံးရှိ အဆောက်အအုံ ၉၀ရာခိုင်နှုန်းပျက်စီး၍ လူတစ်သိန်းကျော်သေဆုံး၊ အလွန်ထူးဆန်းသော ဥမင်လိုဏ်ခေါင်းပုံ တိမ်တိုက်အလိပ်ကြီးဖြစ်ပေါ်နေ၊ တရုတ်တွင် ကမ္ဘာ့ အမြင့်ဆုံးလေဆိပ်တည်ဆောက်မည်၊ သွေးများကို ငိုချနေသူအား ဆရာဝန်ကြီးများက စစ်ဆေးကြည့်ရာ....၊ ကမ္ဘာ့ စိတ်ဝင်စားဖွယ် အကောင်းဆုံးဆိုင်ကယ်များ၊ ခွေးများက လျှောင်မလှုပ်မီ ကြိုတင်သိနိုင်၊ ကမ္ဘာ့အရပ်ရှည်ဆုံးလူသားနှင့် အပုဆုံးလူသားတို့တွေ့ဆုံ၊ အခွန်မဆောင်နိုင်၍ သိမ်းထားသည့် မာရာဒိုနာ၏စိန်နားကပ်ကိုလေလံတင်၊ i Phoneဖြင့် မောင်းသူမဲ့ ယာဉ်ငယ်ကို ထိန်းချုပ်နိုင်၊ လူပေါင်း ၅၀၀၀ကို သေကျေစေခဲ့ သည့် ဓာတုအလီကို သေဒဏ်ပေးလိုက်ပြီ၊ ရွှေကမ္ဘာလုံး ရုပ်ရှင်ထူးချွန်ဆုပေးပွဲကျင်းပ၊ နာဆာအဖွဲ့က အင်္ဂါဂြိုဟ်ပေါ်၌ သစ်ပင်များ ရှာဖွေတွေ့ရှိခဲ့ပြီလား...."စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ၁၂မျက်နှာ တိုးမြှင့်၍ မေတ္တာ လက်ဆောင်အချပ်ပိုများနှင့်အတူ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ

အကြိုဆေးပညာ ပူးပေါင်းဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၈

(၁၈)ကြိမ်မြောက်မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ အကြိုဆေးပညာ ပူးပေါင်းဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နေပြည်တော်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အလုပ်ရုံဆွေးနွေးပွဲတွင် အစာအိမ်နှင့် အူလမ်းကြောင်း၊ အသည်းနှင့် သည်းခြေလမ်းကြောင်း ခွဲစိတ်ကုသမှု ဌာနမှူး ဗိုလ်မှူးကြီး ဒေါ်သန်းသန်းရီ ခေါင်းဆောင်သည့် မြန်မာဆေးပညာရှင်များနှင့် စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံတို့မှ ဝါရင့်ကျွမ်းကျင် သမားတော်ကြီးများ ပူးပေါင်း၍ အစာအိမ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ သည်းခြေအိတ် ကျောက်တည်ခြင်း၊ အူကျခြင်း၊ ခွဲစိတ်ပြီးချုပ်ရိုးမှ အူကျွံခြင်း၊ အစာရေမျိုမလုံခြင်းနှင့် အစာဟောင်းအိမ် ကျွံထွက်ခြင်းစသည့် ရောဂါများခံစားနေရ သည့် တပ်မတော်သားမိသားစုဝင် ၁၁ဦးတို့အား ဝမ်းဗိုက်မှ မှန်ပြောင်းဖြင့် ခွဲစိတ် ကုသမှု (Laparo Scopic Surgery) များပြုလုပ်ကြပြီး ခွဲစိတ်နေစဉ်အတွင်း Teleconferencing ဖြင့် ပရိသတ် ၁၅၀ တို့အားတိုက်ရိုက် ဆွေးနွေးခြင်း၊ အမေး အဖြေပြုလုပ်ခြင်းနှင့် ရှင်းလင်းပြောကြား ခြင်းများ ဆောင်ရွက်ကြသည်။

ဆွေးနွေး

ဆက်လက်၍ ဗီယက်နမ် အမျိုးသား တက္ကသိုလ်ဆေးရုံမှ အတိုင်ပင်ခံသမားတော် Consultant Surgeon, Dr.Le Quan Ann Tuan ဝမ်းဗိုက်မှမှန်ပြောင်း ဖြင့်အူမကြီးအား နောက်ဆုံးပေါ် ခွဲစိတ်ကုသခြင်း အကြောင်းကိုလည်းကောင်း၊ မလေးရှားအမျိုးသား တက္ကသိုလ်ဆေးရုံမှ ပါမောက္ခ Prof. Kin Fah Chin က စားချဉ်ပြန်ခြင်းရောဂါကို ဝမ်းဗိုက်မှ မှန်ပြောင်းဖြင့် ခွဲစိတ်ကုသခြင်း အကြောင်းကိုလည်းကောင်း ဆွေးနွေးဟောပြောကြ သည်။

အဆိုပါ (၁၈)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ဇန်နဝါရီ ၁၉ရက်မှ ၂၂ရက် အထိ နေပြည်တော်ရှိ တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၁၈)ကြိမ်မြောက်မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲနှင့် အကြိုဆေးပညာ ပူးပေါင်းဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲကို အမှတ် (၂) တပ်မတော် ဆေးရုံကြီး (ခုတင်-၁၀၀၀)နေပြည်တော်၌ ကျင်းပစဉ်။ (သတင်းစဉ်)

19-1 (03).pmd 1 1/19/2010, 2:06 AM

ရာသီဥတုပြောင်းလဲမှု လယ်ယာကဏ္ဍကို ခြိမ်းခြောက်လျက်ရှိ
တရုတ်တောင်သူများအား အစိုးရကကူညီမည်

ဘာလင် ဇန်နဝါရီ ၁၈

ရာသီဥတုပြောင်းလဲမှုက တရုတ်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အကြီးအကျယ်ခြိမ်းခြောက်လျက်ရှိလာစဉ် တရုတ်အစိုးရနှင့် တောင်သူလယ်သမားများအနေဖြင့် ယင်းပြဿနာကို သိပ္ပံနည်းကျစနစ်တကျ ကိုင်တွယ်ရမည်ဖြစ်ကြောင်း တရုတ် ဒုတိယလယ်ယာစိုက်ပျိုးရေးဝန်ကြီး ညူတွန်က ဆင်ဟွာသို့ ပြောကြားသည်။

ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးဖိုရမ်သို့ တက်ရောက်ရန် ဂျာမနီနိုင်ငံ ဘာလင်မြို့သို့ရောက်ရှိစဉ် တရုတ်ဒုတိယ လယ်ယာစိုက်ပျိုးရေးဝန်ကြီးက ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်၍ ပြောကြားလိုက်ခြင်းဖြစ်သည်။

ရှင်းလင်းပြောကြား

မိရိုးဖလာလယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ရာသီဥတုပြောင်းလဲမှုက အကြီးအကျယ်ခြိမ်းခြောက်ပြီး၊ မိုးခေါင်မှု၊ ရေလွှမ်းမှု၊ နှင်းမုန်တိုင်းကျမှုနှင့် အပူပိုင်းမုန်တိုင်း တိုက်ခတ်မှုတို့ကဲ့သို့သော ရာသီဥတုဖောက်ပြန်မှုများက သီးနှံထွက်များကို မကြုံဖူးအောင် ဖျက်ဆီးပစ်ကြောင်း ၄င်းက ရှင်းလင်းပြောကြားသည်။

ကူညီဆောင်ရွက်

ဤအခြေအနေက မိမိတို့အား ဘက်ပေါင်းစုံမှရှုမြင်ပြီး ဤပြဿနာကို ကိုင်တွယ် ဖြေရှင်းရအောင် သတိပေးလိုက်ခြင်းဖြစ်ကြောင်း၊ တရုတ်အစိုးရအနေဖြင့် လယ်သမားများ၊ မွေးမြူရေးသမားများနှင့် တံငါသည်များအား အကုန်အကျနည်းသည့် နည်းပညာသစ်များ မျှဝေကာ သူတို့၏ကုန်ထုတ်လုပ်မှု စဉ်ဆက်မပြတ် မြင့်တင်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တရုတ်ဒုတိယဝန်ကြီးက ပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ကာဇက်စတန်နိုင်ငံ အယ်လ်မာတီမြို့၌ နှင်းထူထပ်စွာ ကျဆင်းနေသည်ကို ဇန်နဝါရီ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်မှ တာလီဘန်စစ်သွေးကြွများ၏လက်ချက် အမေရိကန်နှင့် ကနေဒါတပ်ဖွဲ့ဝင်များ သေဆုံး

ကဘူးလ် ဇန်နဝါရီ ၁၈

အာဖဂန်နစ္စတန်နိုင်ငံတွင် သီးခြားဖြစ်စဉ်များ၌ နေတိုးဦးဆောင်သည့် နိုင်ငံတကာလုံခြုံရေးကူညီမှုတပ်ဖွဲ့မှ ကနေဒါတပ်ဖွဲ့ဝင်တစ်ဦးနှင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း သက်ဆိုင်ရာတပ်မှူးများက ပြောကြားသည်။

ပြောကြား

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်အတွင်း ခြေကျင်ကင်းလှည့်စဉ် ဗုံးခွဲခံရပြီး ကနေဒါတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း ပြည်နယ်အတွင်းရှိ မဟာမိတ်တပ်မှူး ဗိုလ်မှူးချုပ် ဒယ်နီယယ်မေနတ်က ဇန်နဝါရီ ၁၆ရက်တွင် ပြောကြားသည်။ ဤနိုင်ငံ၌ သေဆုံးသည့် ကနေဒါတပ်ဖွဲ့ဝင်ဦးရေမှာ ၁၃၉ဦးရှိသွားပြီဟု သိရသည်။

သေဆုံး

တာလီဘန်စစ်သွေးကြွများနှင့် တိုက်ပွဲဖြစ်ပွားစဉ်က ရရှိသောဒဏ်ရာဖြင့် အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဇန်နဝါရီ ၁၆ရက်က သေဆုံးသွားကြောင်း ထုတ်ပြန်ကြေညာသည်။ **(အင်တာနက်)**

အကြမ်းဖက်နှိမ်နင်းရေးတပ်ဖွဲ့ ပြင်သစ်အစိုးရဖွဲ့စည်း

ပါရီ ဇန်နဝါရီ ၁၈

ပြင်သစ်အစိုးရအနေဖြင့် ဗျူကလီးယား၊ ရေဒီယိုဓာတ်ရောင်ခြည်၊ ဇီဝဗေဒနှင့် ဓာတုဗေဒဆိုင်ရာပစ္စည်းများနှင့်စပ်လျဉ်းသည့် ခြိမ်းခြောက်မှုများကို ဆန့်ကျင်တိုက်ခိုက်ရန်အတွက် အကြမ်းဖက်နှိမ်နင်းရေး အထူးတပ်ဖွဲ့ ဖွဲ့စည်းသွားရန် ဆုံးဖြတ်ခဲ့ကြောင်း ဝန်ကြီးချုပ်ရုံးက ဇန်နဝါရီ ၁၇ရက်တွင် တရားဝင် ထုတ်ဖော်ပြောကြားသည်။

ထမ်းဆောင်

အဆိုပါအထူးတပ်ဖွဲ့သည် နိုင်ငံအနှံ့တွင် ဖြန့်ကြက်တာဝန်ထမ်းဆောင်မည်ဖြစ်ပြီး ၄င်းကို ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်၌ ထားရှိမည်ဖြစ်သည်။ **(အင်တာနက်)**

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သော အမြင့် ၂၇၁၇ပေရှိသည့် ကမ္ဘာ့အမြင့်ဆုံးအဆောက်အအုံဖြစ်သည့် ဘတ်ဂျ် ဒူဘိုင်းအဆောက်အအုံ ကို ဇန်နဝါရီ ၁၇ ရက်ကတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဟေတီလျှောင်ဒုက္ခသည်များ ဆေးဝါးရိက္ခာများ လိုအပ်

ပို့အော်ပရင့်စ် ဇန်နဝါရီ ၁၈

ဟေတီနိုင်ငံမှ မြေငလျင် ဒုက္ခသည်များမှာ အစားအစာ၊ ရေနှင့် ဆေးဝါးပစ္စည်းများရရှိရေး လိုအပ်လာသည့်အတွက် မြို့တော် ပို့အော်ပရင့်စ်သို့ ကယ်ဆယ်ရေးပစ္စည်းများရောက်မလာလျှင် အခြေအနေ ပိုဆိုးသွားနိုင်ကြောင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ဒုက္ခသည်များထံ ဆောလျင်အဆင်ပြေစွာရောက်ရှိရေး ကူညီပေးရန် လိုအပ်ကြောင်း ကယ်ဆယ်ရေးလုပ်သားများနှင့် အချို့သော ဟေတီအရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

အယ်လ်ခိုင်ဒါထိပ်တန်းခေါင်းဆောင် အာဇာဝီ
အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ ဖမ်းမိ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၈

အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက အယ်လ်ခိုင်ဒါထိပ်တန်းခေါင်းဆောင်တစ်ဦးအား ဖမ်းဆီးမိလိုက်ကြောင်း အီရတ်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကက်စင်အက်တာက ဇန်နဝါရီ ၁၆ရက်တွင် ပြောကြားသည်။

အီရတ်နိုင်ငံအတွင်း အယ်လ်ခိုင်ဒါအကြမ်းဖက်အုပ်စုများ၏ ခေါင်းဆောင် အဘူအီမက်ခေါ် အလီဟူစိန်အယ်အာဇာဝီကို အီရတ်လုံခြုံရေးတပ်က ဖမ်းဆီးလိုက်ကြောင်း ဗိုလ်ချုပ်အက်တာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

စီစဉ်ကြီးကြပ်

အယ်အာဇာဝီသည် ၂၀၀၃ခုနှစ် ဩဂုတ် ၁၉ရက်က ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂကိုယ်စားလှယ်ရုံး ဗုံးခွဲတိုက်ခိုက်မှုအပါအဝင် ကြီးမားသော အကြမ်းဖက်တိုက်ခိုက်မှုများကို စီစဉ်ကြီးကြပ်ပေးသည့်တာဝန်ကိုယူရကြောင်း ဝန်ခံပြောဆိုထားသူဖြစ်သည်။ သူ သည် အီရတ်မှ အယ်လ်ခိုင်ဒါကွန်ရက်နှင့် ဥရောပမှ အယ်လ်ခိုင်ဒါအုပ်စုများအကြား ဆက်သွယ်ပေးသူလည်း ဖြစ်သည်ဟုဆိုသည်။

သေဆုံး

၂၀၀၃ခုနှစ်တွင် ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂကိုယ်စားလှယ်ရုံး ဗုံးခွဲစဉ်က ကုလသမဂ္ဂအထူးသံတမန် ဆာချီယိုဒီပဲလို အပါအဝင် အခြား ၂၁ဦးသေဆုံးခဲ့ရသည်။

ဖမ်းမိ

အယ်အာဇာဝီအား ဘဂ္ဂဒက်မြို့အရှေ့ပိုင်း အယ်ဂျာဒီဒါရှိ ၄င်း၏နေအိမ်မှ ဖမ်းမိခြင်းဖြစ်ပြီး ၄င်းအားစုံစမ်းစစ်ဆေးနေသည်ဟု ဆင်ဟွာကဖော်ပြထားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ဆိုမာလီ အသံလွှင့်ဌာနများ၌ ပေါက်ကွဲမှုဖြစ်ပွား

မိုဂါဒစ်ရှူး ဇန်နဝါရီ ၁၈

ဆိုမာလီနိုင်ငံမြောက်ပိုင်းရှိ အသံလွှင့်ဌာနသုံးခုကို တိုက်ခိုက်ရေးသမားများ၏ အကြမ်းဖက် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် သတင်းစာဆရာသုံးဦးနှင့် လုံခြုံရေးဝန်ထမ်းတစ်ဦး ဒဏ်ရာရရှိကြောင်း အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။

ပေါက်ကွဲ

ယင်းဖြစ်ပွားမှုသည် ဇန်နဝါရီ၁၅ရက် ညနေပိုင်းတွင် ၄င်းနိုင်ငံမြောက်ပိုင်း ဂယ်ကာအိုဒေသရှိ ဂယ်ကာအိုအသံလွှင့်ဌာန၊ မူဒေါ့အသံလွှင့်ဌာနနှင့် ဟိုဘိုင်ယိုအသံလွှင့်ဌာနတို့၌ မိနစ်အနည်းငယ်စီခြားလျက် ပေါက်ကွဲမှုများဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)**

တူရကီနှင့်အီရတ် ရထားခရီးစဉ်စတင်ပြေးဆွဲ

အင်ကာရာ ဇန်နဝါရီ ၁၈

တူရကီနှင့် အီရတ်နိုင်ငံတို့အကြား ရထားခရီးစဉ်ကို ဇန်နဝါရီ ၁၆ရက်တွင် စတင်ပြေးဆွဲကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ တူရကီနှင့် အီရတ်ရထားပို့ဆောင်ရေးလုပ်ငန်း တာဝန်ရှိပုဂ္ဂိုလ်များသည် တူရကီနိုင်ငံ ဂါဇန်တပ်မြို့နှင့် အီရတ်နိုင်ငံ မိုဆူးလ်မြို့တို့အကြား၌ ရထားခရီးစဉ်ပြေးဆွဲရေး သဘောတူစာချုပ်ကို ဇန်နဝါရီ ၁၄ရက်နှင့် ၁၅ရက်တွင် တူရကီနိုင်ငံ အင်ကာရာမြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ ***အမ်အင်န်အေ၊ ဆင်ဟွာ***

ဈေးဝယ်စက်ရုပ်

ဂျပန်နိုင်ငံ ကျိုတိုမြို့၌ ကျင်းပသည့် နည်းပညာပြပွဲတွင် ပြသထားသော ဈေးဝယ်စက်ရုပ်ကို ဇန်နဝါရီ ၁၈ရက်က တွေ့ရစဉ်။(ဆင်ဟွာဓာတ်ပုံ)

အိန္ဒိယနိုင်ငံ အက်ဂါမြို့ တန်ဒလာဒေသ၌ ရထားနှစ်စင်းတိုက်မိပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၁၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်-အီရန်နယ်စပ်ဒေသ၌ တရားမဝင်ရောက်ရှိသူများအား ဖမ်းဆီးမိ

တီဟီရန် ဇန်နဝါရီ ၁၈

ပါကစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်း တာ့ဖ်တန်နယ်စပ်ဒေသတွင် ဥရောပနိုင်ငံမှ မသမာသူများ တူရကီနိုင်ငံမှတစ်ဆင့် ဖြတ်ကျော်ဝင်ရောက်သဖြင့် ယင်းနယ်စပ်ဒေသ၌ တရားမဝင်လာရောက်သူ ၁၈ဦးအား အီရန်လုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း ဇန်နဝါရီ ၁၆ရက်၌ ပြည်နယ်မီဒီယာက သတင်းထုတ်ပြန်သည်။

၂၀၀၂ခုနှစ်နှင့် ၂၀၀၇ခုနှစ်အတွင်း ပါကစ္စတန်နယ်စပ်ဒေသမှ တရားမဝင် ဝင်ရောက်လာသူ ၄၀၀၀၀ကျော်အား အီရန်နိုင်ငံမှ ပြည်နှင်ဒဏ်ပေးခဲ့ကြောင်း အဆိုပါသတင်း၌ဖော်ပြသည်။

နှိမ်နင်း

ပါရှန်ပင်လယ်ကွေ့မှ လှေများဖြင့် အီရန်နိုင်ငံ ဆိပ်ကမ်းမြို့များသို့ဝင်ရောက်ခြင်းနှင့် အီရန်နယ်စပ်ဒေသများမှ ကုန်းလမ်းခရီးဖြင့်ဖြတ်ကျော်ကာ လူမှောင်ခိုကူးမှုဖြင့် ဝင်ရောက်လျက်ရှိသည်။ သို့ဖြစ်ရာ အီရန်နိုင်ငံအတွင်း တရားမဝင်ရောက်ရှိမှုများကို နှိမ်နင်းရန် ဆောင်ရွက်လျက်ရှိသည်။ (အင်တာနက်)

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

မဟာတံတိုင်းကြီးကာကွယ်ရေး

တရုတ်-ဂျပန် ဒုတိယအကြိမ်စစ်ပွဲ စတင်မဖြစ်မီ ၁၉၃၇ ခုနှစ်တွင် ဂျပန်စစ်တပ်များလက်သို့ တရုတ်ပြည်မဟာတံတိုင်းကြီး မကျရောက်ရေးအတွက် တရုတ်စစ်တပ်က ကာကွယ်ရသည်။ ဤစစ်ပွဲကို တရုတ်တို့က မဟာတံတိုင်းကြီးကာကွယ်ရေးစစ်ဟု ခေါ်သော်လည်း သိမ်းပိုက်လိုသူ ဂျပန်တို့က နက်ကာစစ်ဆင်ရေးစစ်ပွဲဟု အမည်တပ်သည်။ တစ်ဖန် ဤစစ်ပွဲကို ပထမအကြိမ် ဟိုပေစစ်ပွဲဟု ခေါ်ကြသည်လည်းရှိသည်။

တရုတ်ပြည် မဟာတံတိုင်းကြီးသည် အရှေ့ဘက်တွင် ပင်လယ်ကမ်းခြေအထိ ကာရံထားပြီး ရှန်ဟိုင်းဂွမ်သည် မဟာတံတိုင်းကြီး၏ အဆုံးစွန်ဖြစ်သည်။ ရှန်ဟိုင်းဂွမ်လုံခြုံရေးကို တရုတ်အရှေ့မြောက်ပိုင်းတပ်မတော်၏ အမှတ်(၆၂၆) တရုတ်တပ်မဟာက တာဝန်ယူထားသည်။ ထို့ပြင် အင်အား ၂၀၀ ခန့်ရှိ ဂျပန်အစောင့်တပ်လည်း ရှိသည်။



ခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိသော မဟာတံတိုင်းကြီး။

ရာဇသံပေး

၁၉၃၃ ခုနှစ် ဇန်နဝါရီ ၁ ရက်ညတွင် ဂျပန်အစောင့်တပ်မှူးက လက်ပစ်ဗုံး အချို့ကို ဖောက်ခွဲ၍ မိုးပေါ်သေနတ်ထောင် ပစ်ဖောက်ပြီး ပြဿနာစတင်သည်။ လုံခြုံရေး တာဝန်ယူသည့် တရုတ်တပ်များ ရုပ်သိမ်းပေးရေး တောင်းဆိုလာသည်။ မရသော် ဂျပန်တပ်မ(၈)က ရာဇသံပေးသည်။

ချီတက်တိုက်ခိုက်

ထို့နောက် သံချပ်ကာကားများဖြင့် ချီတက်တိုက်ခိုက်သည်။ ဂျပန်ဗုံးကြဲလေယာဉ်များ၊ အမှတ်(၂)ဂျပန်ရေတပ်မှ စစ်သင်္ဘောများက ကူညီတိုက်ပေးသည်။ လုံခြုံရေးတာဝန်ယူသည့် တရုတ်တပ်များ အင်အားထက်ဝက် ကျဆုံးပြီးနောက် တပ်စွဲရာနေရာမှ ဆုတ်ခွာပေးလိုက်ရသည်။ ဂျပန်တပ်များလည်း အကျအဆုံး ၅၀၀ခန့်ရှိသည်။

စတင်တိုက်

ဂျပန်တပ်များ၏ နောက်ပစ်မှတ်မှာ မဟာတံတိုင်းကြီး၏ မြောက်ပိုင်းရှိ ရီဟီပြည်နယ် ပင်ဖြစ်သည်။ ယင်းပြည်နယ်မှာ သမိုင်းအရ မန်ချူးရီးယားပိုင်ဖြစ်ခဲ့သည်ဟု ဂျပန်တို့က ပြောဆိုလာသည်။ အင်အားသုံးရန် ဂျပန်ဧကရာဇ်၏အမိန့်ရသောအခါ ၁၉၃၃ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်တွင် ဂျပန်တပ်များ စတင်တိုက်ခိုက်သည်။ ဖေဖော်ဝါရီ ၂၅ရက်တွင် ကျောက်ယန်နှင့်ကိုင်လုတို့ ဂျပန်စစ်တပ်လက်အောက်ရောက်သွားသည်။ မတ်လ ၂ရက်တွင် ဂျပန်အမှတ်(၄) သံချပ်ကာယန္တရားတပ်နှင့် ဆန်တိန်ယင်၏ တရုတ်တပ်ဖွဲ့ဝင်များနှင့် ရင်ဆိုင်တိုက်ပွဲဖြစ်ပြီး ရက်အတန်ကြာတွင် ဂျပန်စစ်တပ်က ချီဖုန်းကို သိမ်းလိုက်သည်။ မတ်လ ၄ရက်တွင် ဂျပန်သံချပ်ကာယန္တရားတပ်နှင့် အမှတ်(၁)အထူးတင့်ကားတပ်ခွဲတို့က ရီဟီပြည်နယ် မြို့တော်ချင်တီကို သိမ်းလိုက်သည်။

ဆုတ်ခွာ

ရီဟီပြည်နယ်ကို လက်လွှတ်ပေးရပြီးနောက် ဝမ်ဖူလင်း၏ အမှတ်(၃၂)တရုတ်တပ်မကြီးက လင်ကူးဖြတ်လမ်းသို့ ဆုတ်ခွာပေးစဉ် ဗိုလ်ချုပ်ကြီး ဆွန်ကျဲယွမ်၏ အမှတ်(၂၉) တရုတ်တပ်မကြီးလည်း ဆုတ်ခွာပေးလိုက်ရသည်။ ထို့ပြင်ကျန်ကျူရှင်း၏ အမှတ်(၃၇) တရုတ်တပ်မကြီးက ရှီဖုန်ကူးဖြတ်လမ်းသို့လည်းကောင်း၊ ဗိုလ်ချုပ်ကြီး ကွမ်လင်ကျင်း၏ အမှတ်(၂၅)တပ်မက ကူပေကူးဖြတ်လမ်းအထိ လည်းကောင်း အသီးသီး ဆုတ်ခွာတပ်စွဲလိုက်ကြသည်။

မတ်လ ၄ရက်တွင် ကေအမ်တီအမှတ်(၃၂)တပ်မကြီး၏ အမှတ်(၁၃၉)တပ်မက လင်ကူးဖြတ်လမ်းကို ထိန်းချုပ်ထားပြီး မတ်လ ၇ရက်တွင် ကူပေကူးဖြတ်လမ်း၌ ဂျပန်တပ်မ(၈)၊ အမှတ်(၁၆)တပ်မဟာ၏ ထိုးစစ်ဆင်မှုကို ကေအမ်တီအမှတ်(၆၇) တပ်မကြီးက ခုခံတိုက်ခိုက်သည်။ မတ်လ ၇ရက်တွင် ကူပေကူးဖြတ်လမ်းကို ဂျပန်တပ်မ(၈)၊ အမှတ်(၁၆)တပ်မဟာက တိုက်ခိုက်သော်လည်း ကေအမ်တီအမှတ်(၆၇) တပ်မကြီးက တွန်းလှန်ထိန်းသိမ်းထားသည်။

တာဝန်ယူ

မတ်လ ၉ရက်တွင် ချန်ကေရှိတ်သည် ဂျပန်တပ်များ၏ကျူးကျော်မှုကို ခုခံရေးကိစ္စ ကျန်ရှီလန်းနှင့် ဆွေးနွေးသည်။ ချန်ကေရှိတ်သည် တပ်များကို ရွှေ့ပြောင်းပြင်ဆင်သည်။ သို့သော် အချိန်နှောင်းခဲ့ပြီဖြစ်သည်။ ဂျပန်ကျူးကျော်မှုကို ရပ်သွားသည်အထိ အင်အားဖြည့်တင်းမှုက စွမ်းဆောင်ရည်မပြည့်မီတော့ပေ။ သို့ဖြင့် မတ်လ ၁၁ရက်တွင် ဂျပန်တပ်များသည် မဟာတံတိုင်းကြီးအထိ ရောက်လာသည်။ မတ်လ ၁၂ရက်တွင် ကျန်ရှီလန်းသည် ရာထူးမှနုတ်ထွက်လိုက်သည်။ အရှေ့မြောက်ပိုင်း တပ်မတော် ခေါင်းဆောင်အဖြစ် ဟောရင်ဘင်းက တာဝန်ယူလိုက်သည်။ မဟာတံတိုင်းကြီး တစ်လျှောက်ရှိ ကာကွယ်ရေးတပ်စခန်းများ လုံခြုံရေးတာဝန်ကို ချန်ကေရှိတ်က သူ့ကို ပေးလိုက်သည်။

သိမ်းပိုက်

တရုတ်အနောက်မြောက်ပိုင်း တပ်ဖွဲ့ဝင်များသည် ရှေ့သို့ချီတက်လာသော ဂျပန်စစ်သားများအား တွန်းလှန်ရာ၌ အနီးကပ်တိုက်ပွဲ အကြိမ် ၂၀ကျော် တိုက်ခိုက်ခဲ့ရသည်။ သို့သော် မတ်လ ၂၁ရက်တွင် ဂျပန်တပ်များက ယီယွမ်ကူးဖြတ်လမ်းကို သိမ်းပိုက်သည်။

တိုး ရေးသားသည်

ကေအမ်တီအမှတ်(၂၉)တပ်မကြီးသည် ဧပြီ ၈ရက်တွင် ရှီဖုန်ကူးဖြတ်လမ်းမှ ဆုတ်ခွာပေးလိုက်ရသည်။ ဧပြီ ၁၁ရက်တွင် လင်ကူးဖြတ်လမ်းတစ်ဝိုက် နှစ်ဖက်တပ်များ ရှေ့တိုးလိုက်၊ နောက်သို့ဆုတ်ခွာလိုက် စစ်ဆင်အပြီးတွင် ဂျပန်တပ်များက သိမ်းလိုက်သည်။ ဂျပန်တပ်နှင့်စာသော် တရုတ်တပ်များမှာ လက်နက်အင်အားလျော့နည်းသည်။

ပြောင်းရွှေ့

မေလ ၂၀ရက်တွင် တရုတ်တပ်သည် မဟာတံတိုင်းရှိ ကျန်ရှိနေသောစခန်းများမှ ရုပ်သိမ်းပေးလိုက်သည်။ တရုတ်အမျိုးသားခုခံရေးတပ်မတော်အနေဖြင့် အဆုံးတွင် အရှုံးပေးလိုက်ရသော်ငြား မကျဆုံးမီ သုံးရက်တိုင်တိုင် လက်နက်အင်အားသာသည့် ဂျပန်စစ်တပ်ကို ခုခံတွန်းလှန်နိုင်ခဲ့သည်။ မဟာတံတိုင်းကြီး၏အစိတ်အပိုင်းတစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့ခုခံတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဆန့်ကျင်တုံ့ပြန်

၁၉၃၃ ခုနှစ် မေလ ၂၂ ရက်တွင် တိုက်ပွဲအဆုံးသတ်ရေး စေ့စပ်ဆွေးနွေးရန် တရုတ်နှင့် ဂျပန်ကိုယ်စားလှယ်များ တီယင်ကျင်တွင် တွေ့ဆုံသည်။ မဟာတံတိုင်းကြီး၏ တောင်ဘက် ကီလိုမီတာ၁၀၀ အထိရောက်ရှိသည့် စစ်မဲ့ဇုန်ကို တန်းကူယာယီအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်က ဖန်တီးပေးလိုက်သည်။ ထို့ပြင် တရုတ်အစိုးရအနေဖြင့် ရီဟီပြည်နယ်ကို လက်လွှတ်ရပြီး မန်ချူးကိုး လွတ်လပ်ရေးကိုလည်း လက်တွေ့အားဖြင့် အသိအမှတ်ပြုလိုက်ရသည်။ ဤစာချုပ်က ကူမင်တန်အစိုးရအပေါ် တရုတ်ပြည်သူတို့၏ ဆန့်ကျင်တုံ့ပြန်မှုကိုလည်း ဖြစ်ပေါ်စေသည်။

ပြီးဆုံး

ထို့ထက် နောက်ပိုင်းတွင် ကူမင်တန်ဗိုလ်ချုပ်ကြီးကျန်ရှီလန်းက ချန်ကေရှိတ်အား အကျပ်ကိုင်ပြီး ဂျပန်တွန်းလှန်ရေးတွင် တရုတ်ကွန်မြူနစ်များနှင့်လက်တွဲပြီး တော်လှန်ရေးတပ်ဦးဖွဲ့စည်းရန် ဆုံးဖြတ်စေသည့် ရှီအန်အရေးကိုပါ တွန်းပို့ပေးလိုက်သည်။ မဟာတံတိုင်းကြီး ကာကွယ်ရေးစစ်ပွဲမှာ ၁၉၃၃ ခုနှစ် ဇန်နဝါရီ ၁ရက်မှစတင်ပြီး မေလ ၃၁ရက်တွင် ပြီးဆုံးခဲ့သည်။ ။ **ကိုးကား-အင်တာနက်**



မဟာတံတိုင်းကြီးနှင့် စစ်ပွဲကာလ။

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

ဘူလ်ဂေးရီးယား၌ ယာဉ်တိုက်မှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

ဘူလ်ဂေးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ဗီလီကိုတန်နိုဗိုမြို့၌ ဇန်နဝါရီ ၁၇ရက်တွင် ကုန်တင်ကားနှင့် ဆလွန်းကားတိုက်မိရာမှ တိမ်းမှောက်မှုဖြစ်ပွားပြီး ဘူလ်ဂေးရီးယား ဇနီးမောင်နှံ သေဆုံးကာ နှစ်နှစ်သားအရွယ် ကလေးငယ်တစ်ဦး အသက်ရှင်လျက် ကျန်ရှိခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။ (အောက်ပုံ)

အီဂျစ်၌ ယာဉ်မတော်တဆဖြစ်၍ တရုတ်တစ်ဦးသေဆုံး

အီဂျစ်နိုင်ငံ ဆိုင်နိုင်းကျွန်းဆွယ်အလယ်ပိုင်းတွင် ယာဉ်မတော်တဆဖြစ်မှုကြောင့် တရုတ်အမျိုးသားတစ်ဦးသေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရရှိသွားကြောင်း ကိုင်ရိုမြို့ရှိ တရုတ်သံရုံးမှ အရာရှိတစ်ဦးက ဇန်နဝါရီ ၁၇ရက်၌ ပြောကြားသည်။

ဟိုတယ်၌ အဆောက်အအုံတစ်လုံးပြို၍ ၅၃ ဦးဒဏ်ရာရ

မက္ကဆီကိုနိုင်ငံ ကာရစ်ဘီယံကမ်းခြေ အပန်းဖြေစခန်းတစ်ခုဖြစ်သော ကန်ကွမ်ရှိ ဟိုတယ်တစ်ခုလုံး၏ နားနေခန်းအဆောက်အအုံတစ်လုံး ဇန်နဝါရီ ၁၇ရက်က ပြိုကျသဖြင့် ၅၃ဦးထက်မနည်း ဒဏ်ရာရရှိသွားကြောင်း၊ ယင်းတို့အနက် ငါးဦးမှာပြင်းထန်သည့် ဒဏ်ရာများရရှိသွားသည်။

အာဂျင်တီးနားကမ်းလွန်၌ အင်အား၆ဒသမ၃ရှိ ငလျင်လှုပ်

အာဂျင်တီးနားကမ်းလွန်တွင် ဇန်နဝါရီ၁၇ရက်က အင်အားရစ်ချ်တာစကေး၆ ဒသမ၃ရှိ မြေငလျင်လှုပ်သွားကြောင်း၊ ထိခိုက်သေကျေဒဏ်ရာရရှိသူနှင့် ပျက်စီးဆုံးရှုံးမှု မရှိကြောင်း အာဂျင်တီးနားမြို့ပြကာကွယ်ရေးဦးစီးဌာနက ကြေညာသည်။

ပါကစ္စတန်၌ ဓာတ်ငွေ့ပိုက်လိုင်းဖျက်ဆီးခံရ

အလွန်အေးမြသည့် ဆောင်းရာသီတွင် ပါကစ္စတန်နိုင်ငံ ဘလိုချစ္စတန်ရှိ စစ်သွေးကြွများက သဘာဝဓာတ်ငွေ့ပိုက်လိုင်းအစိတ်အပိုင်းများကို ဖျက်ဆီးလိုက်သဖြင့် အနီးအနားကျေးရွာနှင့် မြို့များသို့ ဓာတ်ငွေ့ဖြန့်ဖြူးမှုများ ပြတ်တောက်သွားသည်။ ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလိုချစ္စတန်ပြည်နယ် မာ့စတွမ်မြို့ရှိ ဓာတ်ငွေ့ပိုက်လိုင်းတစ်လျှောက်၌ ထိုစစ်သွေးကြွများက ဗုံးဖောက်ခွဲဖျက်ဆီးခဲ့ခြင်းဖြစ်သည်ဟု လုံခြုံရေးအရာရှိများက ပြောကြားသည်။

တရုတ်အနောက်တောင်ပိုင်း၌ ငလျင်လှုပ်၍ သုံးဦးသေဆုံး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်တောင်ပိုင်း ကွီချောင်ပြည်နယ်တွင် ဇန်နဝါရီ ၁၇ ရက်က အင်အားရစ်ချ်တာစကေး ၄ ဒသမ ၀ ရှိ မြေငလျင်လှုပ်သွားသဖြင့် သုံးဦးသေဆုံးသွားကြောင်း ဒေသဆိုင်ရာအစိုးရက ကြေညာသည်။

မော်တော်ယာဉ်တစ်စီးချောက်ထဲထိုးကျ၊ ခုနစ်ဦးသေဆုံး

တရုတ်ပြည်သူ့သမ္မတနိုင်ငံတောင်ပိုင်း ကွမ်စီကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဇန်နဝါရီ ၁၆ ရက် မွန်းလွဲပိုင်းက လယ်ယာသုံးမော်တော်ယာဉ်တစ်စီး ချောက်ထဲထိုးကျသဖြင့် ခုနစ်ဦးသေဆုံးပြီး ၁၃ ဦးဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာ ပြည်သူ့လုံခြုံရေးဗျူရိုက ဇန်နဝါရီ ၁၇ ရက်၌ သတင်းထုတ်ပြန်သည်။

ဂျီ-၂၀ ထိပ်သီးအစည်းအဝေး ဖေဖော်ဝါရီတွင်ကျင်းပမည်

ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကို တောင်ကိုရီးယားနိုင်ငံ အင်ချွန်းဆိပ်ကမ်းမြို့၌ ဖေဖော်ဝါရီလအတွင်း ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဇန်နဝါရီ ၁၈ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

နေတိုးတပ်ဖွဲ့ဝင်များပစ်ခတ်၍ တစ်ဦးသေဆုံး

မြောက်အတ္တလန္တိတ် စစ်စာချုပ်အဖွဲ့(နေတိုး)ဦးဆောင်သည့် နိုင်ငံတကာ လုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)မှ တပ်ဖွဲ့ဝင်များက အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်လ်မန့်ပြည်နယ်တွင် မော်တော်ယာဉ်တစ်စီးကို ဇန်နဝါရီ ၁၇ရက်က ပစ်ခတ်တိုက်ခိုက်ရာ အရပ်သားတစ်ဦး သေဆုံးသွားကြောင်း နေတိုးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။ (အင်တာနက်)

● *ကျောဖုံးမှ*

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် အဖွဲ့ဝင်များသည် ကျုံဒိုးကျေးရွာအနီး ဘားအံ-ကော့ကရိတ်-မြဝတီလမ်းပိုင်း လမ်းအဆင့်မြှင့် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဂျိုင်း(ကော့ကရိတ်) တံတား၏ကြံ့ခိုင်မှု အခြေအနေနှင့် လက်ရှိတံတားအနီး၌ Pontoon တံတား တည်ဆောက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မိုင်တိုင်အမှတ်(၃၀/၅)မှ (၃၀/၆) အတွင်း လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၁၅/၇)ရှိ လွန်းညကျောက်ခွဲစခန်း၌ ကျောက်ခွဲနေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံအတွင်း စားသုံးမှုဆားနှင့် စက်မှုသုံးဆားများ လုံလောက်ရေး ပဲခူးတိုင်းအတွင်း နေလှန်းဆားဧက ၂၀၀၀ ဖော်ထုတ်ဆောင်ရွက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ကဝမြို့နယ် သမ္မာန်ဆိပ်ကျေးရွာ အရှေ့ဘက် သောင်မြေရှိ ဦးကြည်ဝင်း၏ ဆားကွင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် ဇန်နဝါရီ ၁၇ရက်တွင် ပဲခူးတိုင်းကဝမြို့နယ် သမ္မန်ဆိပ်ကျေးရွာအရှေ့ဘက်ရှိ သောင်မြေ၌ လုပ်ငန်းရှင်ဦးကြည်ဝင်း၏ ၂၂၅ဧကရှိသည့် နေလှန်းဆားကွင်းသို့ ရောက်ရှိပြီး တာပတ်ထားမှု၊ စစ်တောင်းမြစ်မှစီးဝင်လာသော ပင်လယ်ရေငန်များကို ရေတံခါးပြွန်ပေါက်မှတစ်ဆင့် ဆားကွင်းအတွင်းသို့ ရေစုပ်စက်များဖြင့် သွင်းယူနေမှု၊ ဆားလုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသော စက်ယန္တရားများနှင့် ဆားကွင်းအတွင်း တလိမ့်တုံးများဖြင့် မြေညှိနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖော်ထုတ်ဆောင်ရွက်

ထို့နောက် ကဝမြို့နယ် သမ္မန်ဆိပ်ကျေးရွာရှိ နေလှန်းဆားလုပ်ငန်း ရှင်းလင်းဆောင်၌ ဆားလုပ်ငန်းရှင် ဦးကြည်ဝင်းက နေလှန်းဆား ဧက ၂၀၀၀ဖော်ထုတ် လုပ်ကိုင်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက နိုင်ငံတော်အကြီးအကဲက နိုင်ငံအတွင်း စားသုံးမှုဆားနှင့် စက်မှုသုံးဆားများ လုံလောက်စေရေးအတွက် ပဲခူးတိုင်းအတွင်း နေလှန်းဆား ဧက ၂၀၀၀ဖော်ထုတ်ဆောင်ရွက်စေခြင်းဖြစ်ကြောင်းနှင့် ပဲခူးတိုင်းအတွင်း ယခင်ကထက် ဆားပိုမိုထွက်ရှိရေး၊သတ်မှတ်ကာလအမီ လုပ်ငန်းများပြီးစီးရေး ဆောင်ရွက်ရန်တို့ကိုမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည်ကဝမြို့နယ် သက္ကလကျေးရွာသို့ ရောက်ရှိပြီး သက္ကလ-သရက်ကုန်း-အေးမွန်ကျေးရွာချင်းဆက်မြေသားလမ်း ၁၁ဒသမ ၅မိုင်ဖောက်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်နိုင်ငံချစ်ကြည်ရေး အမျိုးသားဘော်လီဘောပြိုင်ပွဲ မြန်မာ့လက်ရွေးစင်အသင်းက စတုတ္ထပွဲ၌ အနိုင်ရရှိ

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ချစ်ကြည်ရေး အမျိုးသားဘော်လီဘောပြိုင်ပွဲ၏ စတုတ္ထပြိုင်ပွဲ ပွဲစဉ်ကို ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာ့လက်ရွေးစင် အမျိုးသား ဘော်လီဘောအသင်း အုပ်ချုပ်သူ ဦးသိန်းဝင်းနှင့် အမှုဆောင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဘော်လီဘောအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အနိုင်ရရှိ

စတုတ္ထနေ့ပြိုင်ပွဲ ပွဲစဉ်တွင် မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘော အသင်းနှင့် ဘင်္ဂလား ဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ လက်ရွေးစင်အမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ **(အောက်ပုံ)** မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းက ၂၅-၁၈မှတ်၊ ၂၅-၁၆မှတ်၊ ၁၆-၂၅မှတ်၊ ၂၅-၂၂မှတ် သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။

သုံးပွဲနိုင်

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ချစ်ကြည်ရေး အမျိုးသားဘော်လီဘော ပြိုင်ပွဲကို လေးရက်၊ လေးပွဲယှဉ်ပြိုင် ကစားကြရာ မြန်မာ့လက်ရွေးစင် အမျိုးသား ဘော်လီဘော အသင်းက သုံးပွဲနိုင်ပြီး တစ်ပွဲ ရှုံးနိမ့်ခဲ့သည်။

ထွက်ခွာ

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်းသည် ဇန်နဝါရီ ၁၉ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကတ္တရာခင်း

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ရန်ခွင့်ပြုခဲ့သော အမှတ်(၄) ကျောင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲနိုင် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဆွေဆွေလွင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း ဟေတီငလျင် နောက်ဆက်တွဲသတင်း

ဟေတီ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ဆဲ အပျက်အစီးများအောက်မှ အမျိုးသမီးနှစ်ဦးကို ကယ်တင်နိုင်

➤ သတင်းမှတ်စု - ချစ်စိုးနိုင်

ပို့အော်ပရင့်စ် ဇန်နဝါရီ ၁၈

လွန်ခဲ့သော ဇန်နဝါရီ ၁၂ရက်က ဟေတီနိုင်ငံတွင် လှုပ်ခဲ့သည့် ငလျင်သည် ယခုအချိန်တိုင်အောင် ဟေတီပြည်သူများအား အတိဒုက္ခရောက်စေခဲ့သည်။ ဟေတီပြည်သူများမှာ ကိုယ့်ဝမ်းကိုယ်ကျောင်း၊ ကိုယ့်အားကိုယ်ကိုး အခြေအနေတွင် ရောက်ရှိနေရသည်။

ကယ်ဆယ်ရေးသမားက ပြီးခဲ့သည့် သီတင်းပတ်အကုန်အထိ လူပေါင်းမြောက်မြားစွာကို အပျက်အစီးများအောက်မှ အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့သည်။ ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယာဉ်သွားလမ်းများပိတ်ဆို့မှုနှင့် လမ်းများကျဉ်းမြောင်းမှုတို့က အဟန့်အတားဖြစ်လျက်ရှိသည်ဟု ဆိုသည်။

ကတိပြုကြေညာခဲ့

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ကုလသမဂ္ဂငြိမ်းချမ်းရေး တပ်ဖွဲ့ဝင်များ၏ ကယ်ဆယ်ရေးလုပ်ငန်းများကို ထောက်ပံ့အားဖြည့်နိုင်ရန် အမေရိကန် မရိန်းတပ်ဖွဲ့ဝင် ၂၀၀၀ကျော်ကို ထပ်မံစေလွှတ်မည်ဟုလည်း အင်တာနက်သတင်း၌ ဖော်ပြသည်။ ဟေတီနိုင်ငံတွင် လိုအပ်လျက်ရှိသော အရေးပေါ်အကူအညီနှင့် ရေတိုကာလအတွင်း လိုအပ်နေသော အကူအညီပမာဏ၏ ထက်ဝက်ခန့်မျှသော ငွေကြေးပမာဏဖြစ်သည့် ယူရိုသန်း ၄၂၀ကျော်ကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ၎င်းတို့၏ဘတ်ဂျက်မှ ထောက်ပံ့မည်ဟု ဇန်နဝါရီ ၁၈ရက်က ကတိပြုကြေညာခဲ့သည်။

တိုက်တွန်း

ဟေတီနိုင်ငံအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည့် ရေရှည်စီမံကိန်းအတွက်အနည်းဆုံးယူရိုသန်း ၂၀၀သုံးစွဲရမည်ဟုဆိုသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် ဇန်နဝါရီ ၁၈ရက်က ငလျင်ကြောင့် ဒုက္ခပင်လယ်ဝေနေသော ဟေတီနိုင်ငံသို့ သွားရောက်ခဲ့ပြီး စိတ်ပျက်အားငယ်မှုမရှိကြရန် ပြည်သူများကို အားပေးစကားပြောကြားခဲ့ပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်နေမှုအပေါ် စိတ်ရှည်သည်းခံကြရန် တိုက်တွန်းခဲ့သည်။

ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း ငလျင်ဘေးသင့် ဟေတီနိုင်ငံ သို့ ရောက်ရှိစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကုလသမဂ္ဂအဖွဲ့ကလည်း အရေးပေါ်အကူအညီ အပူတပြင်းလိုအပ်လျက်ရှိသည်။ ဟေတီပြည်သူ သုံးသန်း ခြောက်လစာစားသုံးရန်အတွက် အမေရိကန်ဒေါ်လာ ၅၆၂သန်း ကူညီထောက်ပံ့မှုကို စတင်နေပြီဖြစ်သည်။ ဗြိတိန်နိုင်ငံကလည်း ငလျင်ဘေးသင့်ခံခဲ့ရသော ဟေတီနိုင်ငံအတွက် ပေါင် ၂၃သန်း ထောက်ပံ့ခဲ့ကြောင်း သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်ကယ်ဆယ်ရေး ကော်မတီ (ဒီအီးစီ)က သတင်းထုတ်ပြန်သည်။

ကယ်ဆယ်နိုင်ခဲ့

ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များနှင့် နိုင်ငံပေါင်းစုံမှ ကယ်ဆယ်ရေးအဖွဲ့များကလည်း ဟေတီနိုင်ငံတွင် ရှာဖွေရေးလုပ်ငန်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ပြီးခဲ့သည့် ဇန်နဝါရီ ၁၆ရက်က ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် ပို့အော်ပရင့်စ်မြို့ရှိ ကုန်ပဒေသာတိုက်ကြီးတစ်ခု၏ အပျက်အစီးများအောက်မှ အသက် ခုနစ်နှစ်အရွယ် မိန်းကလေးတစ်ဦးကို အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့သည်။ ထို့အတူ အမေရိကန်ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် အထပ်သုံးထပ်ရှိ ဟိုတယ်တစ်လုံး၏ အပျက်အစီးများအောက်၌ ငါးရက်ကြာပိတ်မိ နေသော အသက် ၁၆နှစ်အရွယ် ဒိုမီနီကန် အမျိုးသမီးငယ်တစ်ဦးကိုလည်း အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့သည်။ ။ **ကိုးကား-အင်တာနက်**

Asian Development Tour Air Bagan Myanmar Masters 2010

ဂေါက်သီးရိုက်ပြိုင်ပွဲ ပန်းလှိုင်ဂေါက်ကွင်းတွင် ဇန်နဝါရီလ ၂၈ ရက်မှ ၃၁ ရက်အထိကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

Asian Development Tour နှင့် မြန်မာပီဂျီအေတို့မှ ပူးပေါင်းစီစဉ်ပြီး Title Sponsor အဖြစ် Air Bagan Ltd. မှ လည်းကောင်း၊ Presenting Sponsor အဖြစ် International Beverages Trading Co., Ltd.(IBTC) မှ လည်းကောင်း ပံ့ပိုးကူညီသည့် Air Bagan Myanmar Masters 2010 ကို ရန်ကုန်မြို့ ပန်းလှိုင် ဂေါက်ကလပ်၌ ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၂၈ရက်မှ ၃၁ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဖော်ထုတ်မြှင့်တင်

Air Bagan Myanmar Masters 2010 ပြိုင်ပွဲသည် Asian Development Tour ၏ ပထမဦးဆုံးပွဲစဉ် ဖြစ်သည်။ Asian Tour သည် အာရှ၏ ပညာရှင်အဆင့် ဂေါက်သီးပြိုင်ပွဲ ကျင်းပရေး အသိအမှတ်ပြုအဖွဲ့ဖြစ်ပြီး နိုင်ငံပေါင်း ၂၉နိုင်ငံမှ ဂေါက်သီးကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ Asian Tour အနေဖြင့် ဒေသတွင်းမှ ဂေါက်သီး ကစားသမားများ တိုးတက်မြင့်မားလာရေး၊ အဆင့်မြင့်ဂေါက်သီး အားကစားသမားများ ဖော်ထုတ်နိုင်ရေးနှင့် ထိပ်တန်းဂေါက်သီး အားကစားသမားများ ဖော်ထုတ်မြှင့်တင်ရေး အခွင့်အလမ်းများ ရရှိလာနိုင်ရန်အတွက် Asian Development Tour အား ထပ်မံချဲ့ထွင် ကျင်းပပေးခြင်းဖြစ်သည်။

ချီးမြှင့်မည်

ယခု မြန်မာနိုင်ငံတွင် ကျင်းပမည့် Air Bagan Myanmar Masters 2010ပြိုင်ပွဲကို ပြည်တွင်းပြည်ပမှ ဂေါက်သီး ကစားသမားစုစုပေါင်း ၁၀၀ ကျော်ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး စုစုပေါင်း ဆုကြေးငွေ အမေရိကန် ဒေါ်လာ ၇၅၀၀၀ ချီးမြှင့်ပေးသွားမည် ဖြစ်သည်။ ဂေါက်သီး အားကစားဝါသနာရှင်များ အနေနှင့် ပြိုင်ပွဲရက်များအတွင်း ဝင်ကြေးအခမဲ့ဖြင့် လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ပံ့ပိုးကူညီ

အဆိုပါပြိုင်ပွဲကို Title Sponsor အဖြစ် Air Bagan Ltd. မှ လည်းကောင်း၊ Presenting Sponsor အဖြစ် International Beverages Trading Co., Ltd. (IBTC)ကလည်းကောင်း အဓိကပံ့ပိုးကူညီကြပြီး Max Myanmar, Pun Hlaing Golf Club, Hotel Yangon, MGF, MPGA တို့ကလည်း ထပ်မံပံ့ပိုးကူညီပေးကြောင်း သိရသည်။

(ဂေါက်သီးအဖွဲ့ချုပ်)

စစ်တွေမြို့၌ လေးဝတီရက်ကန်း ကုန်ထုတ်အလုပ်ရုံဖွင့် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးများ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၈

ရခိုင်ပြည်နယ် လေးဝတီရက်ကန်း ကုန်ထုတ်အလုပ်ရုံဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ရက်တွင် စစ်တွေမြို့ ဘောက်သီးစုရပ်ကွက် ရက်ကန်းအထက်တန်းကျောင်း၌ ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် ရက်ကန်းပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရက်ကန်းအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသက်နိုင်ဝင်းက ရက်ကန်း ကုန်ထုတ်အလုပ်ရုံ ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရက်ကန်းအထက်တန်းကျောင်း ကျောင်းအုပ်ကြီး၊ စစ်တွေမြို့နယ် ဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖတစ်ဦးတို့က ရခိုင်ပြည်နယ် လေးဝတီရက်ကန်း ကုန်ထုတ်အလုပ်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီး ဦးအောင်သောင်းက ရက်ကန်းကုန်ထုတ်အလုပ်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဝန်ကြီးများသည် ကုန်ထုတ်စင်များ၌ ရက်ကန်းရက်လုပ်နေမှုနှင့် စက်ရက်ကန်း လေ့ကျင့်ရေးနှင့် စက်ဖြုတ်/တပ် လက်တွေ့သင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဝန်ကြီးများသည် ဇန်နဝါရီ ၁၅ရက်က ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်(မြောက်ဦး)သို့ ရောက်ရှိကြပြီး အရောင်းဆိုင်၏ ရောင်းချမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် မြေ၊ အဆောက်အအုံ၊ ငွေပဒေသာပင်၊ မီဒီယာ ပစ္စည်းနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းပွဲကို ဇန်နဝါရီ ၂၃ရက်တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ စေတနာရှင်အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းလိုပါက တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရန်ကုန်တိုင်း ဖုန်း-၃၇၀၅၀၇ နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်တိုင်းရုံး ပန်းဆိုးတန်းလမ်း အမှတ် ၂၂/၂၄ ဖုန်း- ၃၇၁၃၃၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စက်ခလုတ်နှိပ် ဖွင့်လှစ်

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရခိုင်ပြည်နယ် လေးဝတီ ရက်ကန်းကုန်ထုတ်အလုပ်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၁-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ အကပြိုင်ပွဲ
၈း၀၅ ၆။ သံသာချိုအေးမင်္ဂလာတေး
၈း၁၅ ၇။ **ချောင်းကမ်းဘေးက ရွာကလေး**
၈း၂၅ ၈။ နှောင်းခေတ်တေးပဒေသာ
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ **ဘုရားကုန်း(ညိုမီး) ရေလှောင်တမံ**
၈း၅၀ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ အတီးပြိုင်ပွဲ
၄း၃၅ ၄။ **မနိုင်သော အရှုံး**
၄း၅၀ ၅။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၅း၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (အင်္ဂလိပ်စာ အထူးပြုများ) (မြန်မာစာ)
၅း၁၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀ ၈။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၅း၃၀ ၉။ မွေးကင်းစကလေး ပြုစုစောင့်ရှောက်ရေး (အပိုင်း-၂)
၅း၅၀ ၁၀။ ရင်မှာစွဲထင်တေးအလှသံစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၅ ၁၄။ ဆိုလိုက်ကြစို့
၇း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (အပိုင်း-၂၇)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း-၁၈)

အရာတော်မြို့ အမှတ်(၃)ရပ်ကွက်ရှိ ရေလှျံတွင်းမှ ရေများ ပန်းထွက်နေပုံနှင့် ဦးကံထွန်း (၅၇)နှစ်က ရေလှျံတွင်းမှ ရေများကို ရပ်ကွက်အတွင်း ဖြန့်ဝေပေးမှု အခြေအနေနှင့် လယ်မြေ ၁၀ဧကကို စိုက်ပျိုးရေပေးရန် စီမံထားကြောင်း ရှင်းပြခဲ့သည်မှာ····။ (ပြန်/ဆက်)

❒ *ကျော်ဖုံးမှ*

သောက်သုံးရေ ရရှိရန်အတွက် ဝေးလံသည့် ရေတွင်း၊ ရေကန်များ၌ နေ့ရော ညပါ သွားရောက်ခပ်ယူခဲ့ကြရသည်။ မိုးကောင်းသောက် သီးနှံများဖြစ်၍ အချို့နှစ်များ၌ သီးနှံများအောင်ရေ လိုအပ်ချိန်တွင် မိုးမရွာခဲ့သည့်အတွက် **"အညာသား တစ်မိုးလို"** ဖြင့် တံစဉ်လွတ်ခဲ့ရသည့်နှစ်များ ကြုံခဲ့ရသည်။

စိုက်ပျိုးရေဖူလုံ

ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ချမှတ်ပြီး သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေ ရရှိရေးကို နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးခဲ့သည်။ အရာတော်မြို့နယ်တွင် အရာတော် ရေလှောင်တမံ၊ အိုင်လျှားရေလှောင်တမံနှင့် မကျီးစောက် မြစ်ရေတင်လုပ်ငန်းများ အပြင် မြေအောက်ရေလှျံတွင်းပေါင်း ၃၀ကို တူးဖော်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူများအဖို့ သောက်သုံးရေနှင့် စိုက်ပျိုးရေ ဖူလုံနေကြပြီဖြစ်သည်။

အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးက အရာတော်မြို့ပေါ်၌ ရေလှျံတွင်း နှစ်တွင်း တူးပေးရန် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနကို တာဝန်ပေးခဲ့သည်။ ယခုအခါ ရေလှျံတွင်းနှစ်တွင်းမှ သန့်ရှင်းသော သောက်သုံးရေများ အလျှံပယ် ပန်းထွက်လာသည့်အတွက် မြို့ပေါ်နေ ပြည်သူများ ဝမ်းသာမဆုံး ရှိနေကြသည်ကို ကြားသိရသဖြင့် စာရေးသူတို့အဖွဲ့သည် အရာတော်မြို့သို့ သွားရောက်လေ့လာ တွေ့ဆုံမေးမြန်းခဲ့သည်။

တူးဖော်

ရှေးဦးစွာ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေအား သွားရောက်တွေ့ဆုံခဲ့ရာ ၎င်းက ရေလှျံတွင်းရှိရာ အမှတ်(၂) ရပ်ကွက်ရှိ တွင်းအမှတ် ၂၁၃၁၆သို့ ခေါ်ဆောင်ခဲ့သည်။ သဘာဝအလျောက် မြေအောက်မှရေများ အလျှံပယ် ပန်းထွက်နေသည်ကို အံ့သြစရာကောင်းစွာ မြင်တွေ့ရသည်။ ယင်းရေလှျံတွင်းကို၂၀-၂-၂၀၀၉ ရက်က တူးဖော်ခဲ့ရာ ၁၇-၃-၂၀၀၉ရက်တွင် ပြီးစီးခဲ့သည်။ ရေလှျံတွင်းအနက် ၁၃၅၅ပေ၊ ပိုက်ချပေ ၁၃၃၇ပေရှိသည်။ တစ်နာရီလျှင် ရေလှျံအထွက်နှုန်း ၉၃၀၀ ဂါလန်ရှိပြီး PH (၈ ဒသမ ၅)ဖြစ်သည်။ လေးလက်မပိုက်မှ လျှံထွက်လာသည့် ရေများကို ဂါလန် ၅၀၀၀ဆံ့ ရေလှောင်ကန်တွင်ထည့်ပြီး ထိုမှတစ်ဆင့် အိမ်တိုင်းအရောက် ရေသွယ်ပိုက်များဖြင့် အသုံးပြုနေသည်ကို တွေ့ခဲ့ရသည်။ အချို့ကလည်း ရေလှောင်ကန်တွင် လာရောက်၍ ရေအိုးများ၊ ရေထမ်းဆိုင်းများဖြင့် သယ်ယူနေကြသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။

ကျေနပ်ပျော်ရွှင်

အမှတ်(၂)ရပ်ကွက်တွင် အိမ်ခြေ ၄၂၀ရှိပြီး လူဦးရေ ၃၃၇၀ရှိသည်။ ထိုနေ့က တွေ့ဆုံခဲ့သည့် ဒေါ်လှမြိုင် အသက်(၈၀) အား မေးမြန်းခဲ့ရာ "အရင်ကဆိုရင် အမေတို့ သောက်သုံးရေကို မြို့တောင်ဘက် လေးမိုင်အကွာက ရဲကျင်းရေကန်နဲ့ နှစ်မိုင်ကွာတဲ့ တောင်ပေါ်ကျောင်းရေကန်ကို သွားပြီးခပ်ခဲ့ရတယ်။ နွေအခါဆိုရင် ညဉ့်နက်သန်းခေါင်အထိ အိပ်ရေးပျက်ခံကာ ရေခပ်ခဲ့ရတယ်။ ရေကို ချွေတာသုံးရတာပေါ့။ အဲဒီအချိန်တုန်းက လူတစ်ယောက်ရဲ့ တစ်ရက် ရေဖိုးကုန်ကျငွေက ကျပ် ၁၅၀အထိရှိတယ်။ ဒီအစိုးရလက်ထက်ကျမှ အမေတို့မြို့နယ်မှာ ဆည်တမံတွေ၊ မြစ်ရေတင်တွေနဲ့ မြေအောက်ရေလှျံတွင်းတွေ ရှိလာတဲ့အတွက် စိုက်ပျိုးရေနဲ့ သောက်သုံးရေပါ အလွယ်တကူရလာလို့ အမေတို့ တစ်မြို့နယ်လုံးက လူတွေ ဝမ်းသာလို့မဆုံးဘူးပေါ့။ အမေ့ရဲ့ တစ်သက်နဲ့တစ်ကိုယ် ဒါမျိုး မကြုံခဲ့ရပါဘူး။ မောင်မင်းကြီးသားတို့ ကျန်းမာကြပါစေလို့ ဆုတောင်းပေးရတယ်လေ" ဟု ရွှင်ပြုံးသော အမေ့မျက်နှာက အလွန်ကျေနပ်ပျော်ရွှင်နေကြောင်း အကဲခတ်မိခဲ့သည်။

အရာတော်မြို့ အမှတ်(၃)ရပ်ကွက်ရှိ ရေလှျံတွင်းမှ ရေများကို ရပ်ကွက်နေပြည်သူများက ရေအိုးများ၊ ရေထမ်းဆိုင်းများဖြင့် သယ်ယူနေကြစဉ်။ (ပြန်/ဆက်)

အရာတော်မြို့ အမှတ်(၂)ရပ်ကွက်မှ ဒေါ်လှမြိုင် အသက်(၈၀)က ကျေးဇူးအထူးတင်ကြောင်း ပြောကြားခဲ့သည်။ (ပြန်/ဆက်)

ရေထွက်နှုန်း

အမေအိုအားနှုတ်ဆက်ပြီး စာရေးသူတို့အဖွဲ့သည် အမှတ်(၃)ရပ်ကွက်ရှိ ရေလှျံတွင်းအမှတ်(၂၁၃၁၉)သို့ ရောက်ရှိခဲ့သည်။ ဦးငွေက ရှင်းပြသည်မှာ "၂၄-၆-၂၀၀၉ ရက်က စတူးခဲ့ကာ ၁၄-၇-၂၀၀၉ရက်မှာ ပြီးစီးကြောင်း၊ တွင်းအနက် ပေ ၁၃၅၀၊ ပိုက်ချပေ ၁၃၂၀ရှိပြီး တစ်နာရီလျှင် ရေထွက်နှုန်း ဂါလန် ၈၀၀၀ရှိကာ PH (၈ ဒသမ ၅)ဖြစ်ကြောင်း" ပြောပြသည်။ ထို့နောက် အမှတ်(၃)ရပ်ကွက်နေ ရေကော်မတီဝင် ဦးကံထွန်း (၅၇)နှစ်အား မေးမြန်းကြည့်ရာ "လျှံထွက်လာသည့် ရေတွေကို ဂါလန် ၂၆၂၅၀ဆံ့သည့် အုတ်ရေကန်တွင်ထည့်ပြီး ရပ်ကွက်အတွင်း ဆင့်ပွားရေကန် ငါးကန်ပြုလုပ်ကာ လောလောဆယ် သုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ ရေတိုင် ၇၀ သွယ်တန်းပြီး အိမ်ခြေ ၁၅၀ကို ဖြန့်ဝေသွားမှာဖြစ်ကြောင်း၊ ရေကန်အနီးအနားရှိ အိမ်များက ရေကန်ကိုလာရောက်ပြီး ခပ်ယူသုံးစွဲနေကြောင်း၊ တစ်ချိန်က သောက်သုံးရေ ရရှိရေးအတွက် မြို့အထွက်ရေကန်ကို သွားခပ်ရကြောင်း၊ ရေတစ်စည်ကို ငွေကျပ် ၃၀၀ပေး၍ ဝယ်ခဲ့ရကြောင်း၊ ဆက်လက်ပြီး ရပ်ကွက်နေပြည်သူများ သောက်သုံးရေဖူလုံပြီးပါက စပါးစိုက်ရန်အတွက် အနီးရှိ လယ်မြေ ၁၀ဧကကိုလည်း စိုက်ပျိုးရေပေးရန် စီမံထားကြောင်း" ဖြင့်ရှင်းပြသည်။ ယခုဆိုလျှင် သောက်သုံးရေကို အလွယ်တကူရရှိနေပြီဖြစ်၍ နိုင်ငံတော် အစိုးရနှင့် တိုင်းမှူးကို ကျေးဇူးတင်ပါကြောင်း အားပါးတရ ပြောပြခဲ့သည်။

တစ်ချိန်က သောက်သုံးရေနှင့် စိုက်ပျိုးရေ ခဲယဉ်းခဲ့သည့် အညာဒေသမှ အရာတော်မြို့နယ်သည် ယနေ့အချိန်အခါတွင် ဆည်တမံများ၊ မြစ်ရေတင်များ၊ ရေလှျံတွင်းများမှ လိုအပ်သည့်ရေကို အလွယ်တကူရရှိနေပြီဖြစ်ရာ **"ရွှေကိုမလို၊ ရေကို သာလိုသည့်ဆန္ဒ ပြည့်ဝခဲ့ပြီ"** ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပေသည်။ ။

ပြည်သူများ စာပေဖတ်ရှုလေ့လာမှု အလေ့အကျင့် စွဲမြဲတိုးတက်သည်နှင့်အမျှ ပညာဗဟုသုတတိုးပွားလာကာ လူမှုစီးပွားဘ၀ ပိုမိုမြင့်မားလာမည်ဖြစ်

တည်ထောင်ပြီးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇန်နဝါရီ ၁၄ရက် မွန်းလွဲ ၂နာရီတွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ရွာရှည်ကျေးရွာအုပ်စု ပလောင်ကျေးရွာရှိ ပန်းလှိုင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်အခမ်းအနားသို့ တက်ရောက်ပြီး ဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အလှူရှင် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် မဟာသုန္ဒရာရာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တအာဝုဓတို့က မင်္ဂလာအချိန်၌ ပန္နက်တိုင်များကို စိုက်ထူ၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးသည် ပန်းလှိုင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပလောင်ကျေးရွာနေ ဒေါ်ခင်အေးနှင့် ဒေါ်ခင်မြ ညီအစ်မနှစ်ဦးတို့က ပန်းလှိုင်စာကြည့်တိုက် အဆောက်အအုံဆောက်လုပ်ရန်အတွက် ၇၄ပေ×၄၇ပေအကျယ်ရှိ မြေနေရာ၊ ဦးငွေစံနှင့် ဒေါ်သိန်းပိုင်မိသားစုက ကျေးရွာဖွံ့ဖြိုးရေးရုံး ဆောက်လုပ်ရန်အတွက် ၁၁၇ပေ×ပေ၃၀ အကျယ်ရှိ မြေနေရာနှင့် ဦးငွေနှင့် ဒေါ်နီမိသားစုက ကျေးရွာဖွံ့ဖြိုးရေးရုံး ဆောက်လုပ်ရန်အတွက် ပေ၃၀×ပေ၃၀ အကျယ်ရှိ မြေနေရာတို့နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကိုလည်းကောင်း၊ ဆရာတော် ဘဒ္ဒန္တအာဝုဓက ပန်းလှိုင်စာကြည့်တိုက် အဆောက်အအုံဆောက်လုပ်ရန်အတွက် ငွေကျပ် ငါးသိန်းနှင့် ကျေးရွာပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးရွာပြည်သူများထည့်ဝင်ငွေ ကျပ် ၁၀သိန်းတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ပက်ဖျန်းပေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဆားလင်းကြီးမြို့နယ် ဆည်တည်းကျေးရွာ သုတဖြိုးဝေကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ပန္နက်တင်အခမ်းအနားနှင့် အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ပန္နက်တင် အခမ်းအနားများသို့ တက်ရောက်ပြီး တာဝန်ရှိသူများ၊ အလှူရှင်များနှင့်အတူ ပန္နက်တိုင်များ စိုက်ထူ၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဝန်ကြီးသည် စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တအာဝုဓက ဇီးတောကျေးရွာ စန်းမြဝတီ ဘုန်းတော်ကြီးကျောင်းအတွက် ငွေကျပ်သိန်း ၅၀နှင့် ဒေသခံပြည်သူများ အသုံးပြုရန် ကွန်ပျူတာ တစ်စုံ၊ ဆည်တည်းကျေးရွာ ပြည်သူများကိုယ်စား ရပ်မိရပ်ဖ ဦးလှသောင်းက အခြေခံပညာမူလတန်းကျောင်းဆောင် ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၃၀နှင့် အလှူရှင် ဦးအောင်ကျော်ဝင်းက အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်ရန်အတွက် ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ဝိုင်းဝန်းဆောင်ရွက်

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပန္နက်တင်အခမ်းအနားများတွင် ဝန်ကြီးက ပြည်သူများ စာပေဖတ်ရှုလေ့လာမှု အလေ့အကျင့် စွဲမြဲတိုးတက်လာသည်နှင့်အမျှ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာ ပညာဗဟုသုတ တိုးပွားလာကာ လူမှုစီးပွားဘ၀ ပိုမို မြင့်မားလာမည်ဖြစ်ကြောင်းနှင့် တည်ထောင်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည် ရှင်သန်တည်တံ့စေရေး ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆားလင်းကြီး မြို့နယ် ဆည်တည်းကျေးရွာ အခြေခံ ပညာမူလတန်းကျောင်း ကျောင်း ဆောင်သစ်ကို ပန္နက်တင်ပေးစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆားလင်းကြီး မြို့နယ် ဆည်တည်းကျေးရွာ သုတဖြိုးဝေကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာစောင်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အထက(၅) ဗိုလ်တထောင် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၏ အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၃ရက် (စနေနေ့) နံနက် ၆နာရီခွဲတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ *(သတင်းစဉ်)*

ပြင်ပဆရာဝန်များ၏ အရ...
လိုအပ်ပါက ဆေးရုံကြီးများသို့ ...
လူနာများကို စေတနာ...

နေပြ...

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီး... မှတ်ပုံတင်ထုတ်ပေးရေး မွမ်းမံသင်တန်း (၁/၂၀၁၀... ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရ... ကျော်မြင့် တက်ရောက်၍ အမှာစကားပြောကြာ... သွားဘက်ဆိုင်ရာ ဆရာဝန်မှတ်ပုံတင်(သခ) မ... နိုင်ငံတော်က ဆောင်ရွက်ပေးသည့်အတွက် နိုင်ငံ... လူမျိုး၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ...

ပြုစုကုသပေး

ပြည်သူလူထုအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရာတွင် ပုဂ္ဂလိကကျန်းမာရေး စောင့်ရှောက်မှုဌာနများနှင့် ပြင်ပ ဆရာဝန်များ၏ အရည်အသွေးပြည့်ဝရေးသည် အလွန်အရေးကြီးကြောင်း၊ မိမိတို့ဆောင်ရွက်ပေးရမည့် ကုသရေး၊ ပညာပေးရေးနှင့် လိုအပ်ပါက ဆေးရုံကြီးများသို့ အချိန်မီ လွှဲပြောင်းကုသစေရေးတို့ကို မိမိတို့ ပညာစွမ်းရည်ရှိသမျှ အထူးဂရုပြုလုပ်ဆောင်ပေးကြရမည် ဖြစ်သကဲ့သို့ ကိုယ်ချင်းစာတရား လက်ကိုင်ထားပြီး လူနာများကို မိမိတို့ ဆွေမျိုးသားချင်းသဖွယ် ...

... ဝန်ကြီး... (၂) (ရ... ဖွင့်ပွဲအ...

စေတနာ... ကုသပေ... လူန... အောင် ...

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ် ထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာအလုပ်သမားများအား ကိုယ်ထိလက်ရောက်ထိပါးခဲ့သည့် နိုင်ငံခြားသား အလုပ်သမားများက သက်ဆိုင်သူအားလုံး၏ရှေ့မှောက်၌ ဝန်ချတောင်းပန်မှုပြုလုပ် သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၁၂)ကို ယနေ့ဖြန့်ချိထားသည်။

ထောင်စုနှစ်တစ်ခုအတွင်း ရှားရှားပါးပါး မြင်တွေ့ရသည့်အချိန်အကြာကြီး နေကြတ်မှု၊ ဆိုမာလီပင်လယ်ဓားပြများလက်တွင်းမှ လွတ်မြောက်လာသော မြန်မာသင်္ဘောသားတစ်ဦး၏ ကိုယ်တွေ့ဖြစ်ရပ်များ၊ မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်စေရန် ပါရမီတက္ကစီများကဲ့သို့ စီးတီးတက္ကစီများကလည်း မောင်းနှင်ပြေးဆွဲကြရန်လို၊ ဆက်သံရေးဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တွေ့ဆုံ၊ ဇမ်းမော်မြို့အထက် မြစ်ကြောင်းကျဉ်းသဖြင့် ဆိပ်ခံတံတားပြောင်းရွှေ့ဖွင့်လှစ်၊ ရန်ကုန်တိုင်း တစ်တိုင်းလုံးရှိ ၁၉၇၈ခုနှစ်နောက်ပိုင်း မီတာ Box များ လဲလှယ်ပေးမည့်စီမံကိန်းချမှတ်၊ မော်ဘီမြို့နယ်၌ မြေပြိုကျ၍ လူနှစ်ဦးမြေပိ၍သေဆုံး၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ရမည့်လူကို ရွေးချယ်နေဆဲဖြစ်ကြောင်းပြောကြားခဲ့၊ အစ္စရေးနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဦးဆောင်သောအဖွဲ့ ဂျော်ဒန်နိုင်ငံရှိ မြန်မာအမျိုးသမီးများ၏ အခက်အခဲကို ကူညီဆောင်ရွက်လျက်ရှိ၊ ပုသိမ်ရေယာဉ်တစ်စင်း ကျောက်တန်းနှင့်တိုက်၍ ဝမ်းဗိုက်ပေါက်သော်လည်း ခရီးသည်များထိခိုက်မှုမရှိခဲ့၊ တရုတ်-အိန္ဒိယ-မြန်မာသုံးနိုင်ငံ ဆက်သွယ်ထားသည့် စတီးဂဲလ်(လီဒို)လမ်းမကြီး မကြာမီ ဖွင့်လှစ်တော့မည်၊ ခရီးသွားလုပ်ငန်း သံတမန်အဖြစ်ရွေးချယ်ခန့်အပ်သွားမည့် Miss Tourism 2010 ဆု၊ ယခုအချိန်အထိ ကြက်ဘဲဈေးများတွင်ရောဂါကြောင့် ကြက်၊ ဘဲများသေဆုံးမှု မရှိသေးဟုဆို၊ ဒေါ်လာဈေးပြန်တက်လာခြင်းကြောင့် ငါးမွေးမြူရေး ထုတ်လုပ်မှုအပိုင်း အားကောင်းလာဖွယ်ရှိ၊ ဟေတီမြေငလျင် လူပေါင်း ၁၅၀၀၀၀ခန့်သေဆုံး၊ ထိုင်းမှာ ရှိုးဆိုရင်း လျှောက်လည်ဖြစ်ခဲ့တဲ့ ဖြူဖြူကျော်သိန်းနဲ့ အနုပညာရှင်တွေကို(ဆမ)မပေးတဲ့အပေါ် သူမရဲ့သဘောထား၊ အစ္စရေး၏ မိမိကိုယ်ကာကွယ်သည့်အနေဖြင့် အီရန်နျူကလီးယား ဓာတ်ပေါင်းဖိုများအား တိုက်ခိုက်လာနိုင်၊ အိုဘားမားအား လုပ်ကြံရန်ကြံစည်ခဲ့သူ အပြစ်ရှိကြောင်း ဝန်ခံထွက်ဆို၊ အစ္စရေးနှင့် အမေရိကန်၏ အီရန်ကိုတိုက်ခိုက်ရန်ကြံစည်မှု သတင်းရခဲ့ကြောင်း လာရီဂျာနီပြောကြားစသည့် နောက်ဆုံးရပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်သည်။ မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိသည်။ ***(သတင်းစဉ်)***

ထူးခြားသည့် ညအပူချိန် ၁၈-၁-၂၀၁၀

ဟားခါးမြို့	၀	ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့	၄	ဒီဂရီစင်တီဂရိတ်
မချမ်းဘောမြို့	၄	ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၄	ဒီဂရီစင်တီဂရိတ်

သာကေတမြို့နယ် အထက(၃) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၈

သာကေတမြို့နယ် အထက(၃) ကျောင်းသား ကျောင်းသူဟောင်းများက (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၃၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၃) သီရိရတနာခန်းမကြီးတွင် ကျင်းပမည်ဖြစ်ရာ ဖိတ်ကြားခြင်းခံထားရသော ဆရာ ဆရာမကြီးများ အပူဇော်ခံကြွရောက်ပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများကလည်း တက်ရောက်ပူဇော်ကန်တော့နိုင်ကြပြီး ငွေနှင့်ပစ္စည်းများ လှူဒါန်းလိုသူများသည် ဦးတင်မြင့် ဖုန်း-၅၇၈၃၀၈၊ ဒေါ်ခင်အေးကြူ ဖုန်း-၅၅၈၁၄၅၊ ဒေါ်ခင်သိန်းဝင်း ဖုန်း-၇၂၀၁၅၄နှင့် ဦးဝင်းဗိုလ် ဖုန်း-၅၄၇၂၃၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ပြည်လုံးတွင် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၁၈

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ လျော့နည်းခဲ့ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ကယားပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၈ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၁၉ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

နှုတ်ခွန်းဆက်စကား

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ နိုင်ငံ့ဝန်ထမ်းများ အရည်အသွေး တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေး... ဖွင့်ပွဲတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

နိုင်ငံ့ဝန်ထမ်းများ အရည်အသွေး တိုးတက်မြင့်မ... အလုပ်ရုံဆွေးနွေးပွဲ -၂၀၁၀ (နေပြည်တော်)ဖွင့်ပွဲ

နေပြည်တော် ဇန်နဝါရီ ၁၈

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ စီမံကြီးကြပ်မှုနှင့် ဂျပန်နိုင်ငံ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်း၏ ပါဝင်ပံ့... နိုင်ငံ့ဝန်ထမ်းများ အရည်အသွေး တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ-၂၀၁၀ (နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို ယနေ့ န... နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်၍ နှုတ်ခွန်းဆ...

အဖွင့်အမှာစကား

ထို့နောက် ဂျပန်နိုင်ငံ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်း President, Dr. Akinori SEKI က အဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်းနှင့် ဦးကျော်အောင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များ၊ ပြည်တွင်းပြည်ပ ပညာရှင်များ၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးကြမည်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဝန်ကြီးဌာန... အလတ်အဆင့် အရာထမ်း ကိုယ်စားလှယ် ၆၀တို့... ဒေသဆိုင်ရာအစိုးရများရှိ နိုင်ငံ့ဝန်ထမ်းများ၏ အ... ဈေးကွက်စီးပွားရေးစနစ်၊ ကောင်းမွန်သော အု... မူဝါဒ အကြောင်းအရာ ခေါင်းစဉ်များကို ဇန်နဝါ... ဆွေးနွေး ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်...



ပြင်ပဆရာဝန်များ၏ အရည်အသွေးပြည့်ဝရေး အလွန်အရေးကြီး လိုအပ်ပါက ဆေးရုံကြီးများသို့ အချိန်မီလွှဲပြောင်းရေး အထူးဂရုပြုလုပ်ဆောင်

လူနာများကို စေတနာ၊ ကရုဏာအပြည့်ဖြင့် ပြုစုကုသပေး

နေပြည်တော် ဇန်နဝါရီ ၁၈

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ဆေးတက္ကသိုလ်(၁)နှင့် ဆေးတက္ကသိုလ်(၂)(ရန်ကုန်) ဆရာဝန်မှတ်ပုံတင်ထုတ်ပေးရေး မွမ်းမံသင်တန်း (၁/၂၀၁၀)ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) ခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကားပြောကြားရာတွင် ယခုမွမ်းမံသင်တန်းသည် ဆရာဝန်မှတ်ပုံတင် (ဆမ)နှင့် သွားဘက်ဆိုင်ရာ ဆရာဝန်မှတ်ပုံတင်(သခ) မရရှိသေးသည့် ဆရာဝန်များအတွက် ဆရာဝန်မှတ်ပုံတင်ရရှိရေးကို နိုင်ငံတော်က ဆောင်ရွက်ပေးသည့်အတွက် နိုင်ငံတော်၏ စေတနာကို သိရှိနားလည်သဘောပေါက်ပြီး မိမိနိုင်ငံ မိမိလူမျိုး၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ပေးသွားကြရန် လိုအပ်ကြောင်း။

ပြုစုကုသပေး

ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရာတွင် ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုဌာနများနှင့် ပြင်ပဆရာဝန်များ၏ အရည်အသွေးပြည့်ဝရေးသည် အလွန်အရေးကြီးကြောင်း၊ မိမိတို့ဆောင်ရွက်ပေးရမည့် ကုသရေး၊ ပညာပေးရေးနှင့် လိုအပ်ပါက ဆေးရုံကြီးများသို့ အချိန်မီ လွှဲပြောင်းကုသစေရေးတို့ကို မိမိတို့ ပညာစွမ်းရည်ရှိသမျှ အထူးဂရုပြုလုပ်ဆောင်ပေးကြရမည် ဖြစ်သကဲ့သို့ ကိုယ်ချင်းစာတရား လက်ကိုင်ထားပြီး လူနာများကို မိမိတို့ ဆွေမျိုးသားချင်းသဖွယ် စေတနာ၊ ကရုဏာအပြည့်ဖြင့် ပြုစုကုသပေးကြရမည်ဖြစ်ကြောင်း။

လူနာများကို ရောဂါပျောက်ကင်းအောင် ဆေးကုသစောင့်ရှောက်မှုပေးကြရန် အရေးကြီးသကဲ့သို့ ဆရာဝန်များ စောင့်ထိန်းရမည့် ကျင့်ဝတ်နှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးရာ၌ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မမေ့မလျော့ဘဲ စနစ်တကျ ဆောင်ရွက်သွားကြရန်လည်း လိုအပ်ကြောင်း၊ ထို့အပြင် လူနာ၏ ကျန်းမာရေးအခြေအနေနှင့် ဆေးကုသစောင့်ရှောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို လူနာရှင်များ နားလည်အောင် ရှင်းပြထားရန်လည်း လိုအပ်ကြောင်း။

အမှာစကားပြောကြား

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ဆေးတက္ကသိုလ်(၁)နှင့် ဆေးတက္ကသိုလ်(၂) (ရန်ကုန်) ဆရာဝန်မှတ်ပုံတင် ထုတ်ပေးရေး မွမ်းမံသင်တန်း (၁/၂၀၁၀) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

လုံခြုံစိတ်ချရ

မိမိတို့၏ ချို့ယွင်းချက်ကြောင့် လူနာများ ထိခိုက်နစ်နာမှုများ မဖြစ်စေရန် အဘက်ဘက်မှ အထူးဂရုပြုကြမှသာ လုံခြုံစိတ်ချရပြီး အရည်အသွေးပြည့်မီသည့် ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများအဖြစ် အများအားထားစရာ ဂုဏ်ယူစရာဘဝကို ပိုင်ဆိုင်နိုင်ကြမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

အမှာစကားပြောကြား

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်သည် သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းမကြီးရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)သို့သွားရောက်၍ စာသင်ဆောင်၌ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ဆရာဝန်မှတ်ပုံတင် ထုတ်ပေးရေး မွမ်းမံသင်တန်း တက်ရောက်နေကြသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်သင်တန်းသားများအား တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

...တ်ခွန်းဆက်စကား

...ဆမ်းများ အရည်အသွေး တိုးတက်မြှင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ-၂၀၁၀(နေပြည်တော်) (သတင်းစဉ်)

...ည်အသွေး တိုးတက်မြှင့်မားရေး ...၀ (နေပြည်တော်)ဖွင့်ပွဲ ကျင်းပ

...ည်တော် ဇန်နဝါရီ ၁၈

...နိုင်ငံ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်း၏ ပါဝင်ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ...နွေးပွဲ-၂၀၁၀ (နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီ မိနစ် ၅၀တွင် ...ပ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်၍ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆွေးနွေးကြမည်

...း Presi- ...၊ ...ဖွဲ့ဝင်များ ...ထွန်းနှင့် ...ပြည်တွင်း ...လှယ်များ

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ အလယ်အလတ်အဆင့် အရာထမ်း ကိုယ်စားလှယ် ၆၀တို့ တက်ရောက်ကြပြီး ဗဟိုနှင့် ဒေသဆိုင်ရာအစိုးရများရှိ နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍ၊ နိုင်ငံပိုင်ကဏ္ဍနှင့် ဈေးကွက်စီးပွားရေးစနစ်၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် ဖွံ့ဖြိုးမှုမူဝါဒ အကြောင်းအရာ ခေါင်းစဉ်များကို ဇန်နဝါရီ ၂၂ရက်အထိ ငါးရက်ကြာ ဆွေးနွေး ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လက်ထောက်မန်နေဂျာများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၁/၂၀၁၀) ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)၏ လက်ထောက်မန်နေဂျာများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၁/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ အဆိုပါဘဏ်ရုံးချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းသို့ လက်ထောက်မန်နေဂျာ ၁၀ဦး တက်ရောက်ကြ၍ သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

* ရှေ့ဖုံးမှ

ဧရာဝတီတိုင်းအတွင်း နာဂစ်ဒဏ်ခံ ဒေသများတွင် လမ်းကွန်ရက်လမ်းမကြီး တစ်လမ်းကို အကောင်အထည်ဖော်လျက်ရှိရာ ရာဇဒိုင်တံတားအမှတ်(၂)သည် အမှတ်(၁၀)လမ်းမကြီးဖြစ်သည့် ဘိုကလေး-မော်လမြိုင်ကျွန်း - ကျုံမငေး - မြောင်းမလမ်းမကြီးများနှင့် ဆက်သွယ်သော တံတားကြီးတစ်စင်းလည်း ဖြစ်သည်။

နေ့မအားညမနား

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် ရာဇဒိုင်မြစ်ကို တံတားနှစ်စင်း တည်ဆောက်လျက်ရှိရာ ပထမအဆင့်ဖြစ်သည့် ရာဇဒိုင်တံတားအမှတ်(၂)ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး လုပ်ငန်းပမာဏကြီးမားသည့် ရာဇဒိုင်တံတား အမှတ်(၁)ကိုလည်း ၂၀၁၀ခုနှစ်အတွင်း အပြီးဆောက်လုပ်သွားရန် နေ့မအား ညမနား ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းဝင်တံတား

ဖွင့်လှစ်ပြီးဖြစ်သည့် ရာဇဒိုင်တံတား အမှတ်(၂)သည် တစ်လမ်းသွား သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး တံတားအရှည် ပေ ၅၄၀၊ ပင်မတံတားအရှည်ပေ ၃၀၀၊ ယာဉ်သွားလမ်းအကျယ်ပေ ၂၀၊ ရေလမ်းကင်းလွတ်အမြင့် ၁၀ပေ၊ ယာဉ်တစ်စီးချင်း ခွင့်ပြုဝန်တန် ၆၀ဖြစ်သည်။ ရာဇဒိုင်တံတား အမှတ်(၂)သည် ဧရာဝတီတိုင်းအတွင်း ၄၈ စင်းမြောက် ပေ ၁၈၀အထက် စီမံကိန်းဝင်တံတားတစ်စင်း ဖြစ်ကြောင်း သိရသည်။

စတင်တည်ဆောက်

တည်ဆောက်ဆဲ ရာဇဒိုင်တံတားအမှတ်(၁)သည် တစ်လမ်းသွား သံမဏိ သံပေါင်တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည် ၁၉၅၅ပေ ၉လက်မ၊ ပင်မတံတား အရှည် ၉၉၈ပေ ၂လက်မ၊ ယာဉ်သွားလမ်းအကျယ် ပေ ၂၀၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် နှစ်ပေစီ၊ ရေလမ်းကင်းလွတ်အမြင့် ပေ ၂၀၊ ယာဉ်တစ်စီးခွင့်ပြုဝန်တန် ၆၀ဖြစ်သည်။ ရာဇဒိုင်တံတားအမှတ် (၁)ကို ၂၀၀၉ခုနှစ် ဧပြီ ၁ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ၆၀ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဖောက်လုပ်ပေးနိုင်

ဧရာဝတီတိုင်းအတွင်း၌ နာဂစ်မတိုင်မီက လမ်းမိုင်ပေါင်း ၁၃၄၄မိုင်ရှိခဲ့ရာမှ နာဂစ်အပြီးတွင် ၁၆၁မိုင် ၃ဖာလုံ ဆက်လက်တိုးချဲ့ဖောက်လုပ်နိုင်ခဲ့သည့်အတွက် ယခုဆိုလျှင် လမ်းမိုင်ပေါင်း စုစုပေါင်း ၁၅၀၆မိုင် ဖောက်လုပ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ မြန်မာပြည်တစ်ဝန်းလုံး၌ ပေ ၁၀၀နှင့် ၁၈၀ကြား ပေ ၁၈၀ အောက် တံတား ၂၉၁၃စင်းနှင့် ပေ ၁၈၀နှင့်အထက် တံတား ၂၃၄စင်း တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ယခုအခါ ရာဇဒိုင်တံတား အမှတ်(၂) ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်သကဲ့သို့ ရာဇဒိုင်တံတား အမှတ်(၁)ကိုလည်း နေ့မအား ညမနား တည်ဆောက်လျက်ရှိရာ မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်၍ မော်လမြိုင်ကျွန်းမြို့သည် ရေခြားမြေခြား မဟုတ်တော့ဘဲ သွားလာဆက်သွယ်ရေး အဆင်ပြေ လွယ်ကူလာမည်ဖြစ်သည်။ သို့အတွက် မြို့နယ်အတွင်းထွက်ရှိသည့် ဒေသထွက်ကုန်ပစ္စည်းများကို မြန်မာပြည်အနှံ့ တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်သဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာတော့မည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

(သတင်းစဉ်)

ရေလယ်တိုင်တည်ဆောက်

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်၌ တည်ဆောက်လျက်ရှိသည့် ရာဇဒိုင်တံတား အမှတ်(၁)၏ ကျိုက်ပိဘက်ကမ်းတွင် ကမ်းကပ်ခုံနှင့် ရေလယ်တိုင်များ တည်ဆောက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်၌ တည်ဆောက်လျက်ရှိသည့် ရာဇဒိုင်တံတား အမှတ်(၁)၏ ရေလယ်တိုင်များ ဘိုးပိုင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

မန္တလေးမြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၈

အဌမအကြိမ်မြောက် မန္တလေးမြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲကို မန္တလေးမြို့ ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်၌ ဖေဖော်ဝါရီ ၁၂ရက်မှစတင်၍ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

ပါဝင်မည်

ပြိုင်ပွဲတွင် ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ၊ ပန်းအလှပင်ပြိုင်ပွဲ၊ အရွက်အလှပင်ပြိုင်ပွဲ၊ ရွက်လှပင်ပြိုင်ပွဲ၊ ပြည်တွင်းသစ်ခွပြိုင်ပွဲ၊ ပြည်ပသစ်ခွ (ကတ်တလီးယား၊ စင်ဘီးဒီးယမ်း၊ ဗန်ဒါ)ပြိုင်ပွဲ၊ နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ၊ ရှားစောင်းပင်ပြိုင်ပွဲ၊ သက်ကြီးပုပင်ပြိုင်ပွဲ (ဘွန်ဆိုင်း)၊ အသီးပါသည့် အလှအပင်ပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက် (အရွက်ပြိုင်ပွဲ၊ အထုပ်ပြိုင်ပွဲ၊ ဥပြိုင်ပွဲ၊ အသီးပါအပင်ပြိုင်ပွဲ)၊ သစ်သီးပြိုင်ပွဲ၊ ဟင်းသီး (အသီးအလုံးလိုက်ပြိုင်ပွဲ၊ အသီးအနှံအတွဲလိုက်ပြိုင်ပွဲ)နှင့် သစ်သီးဝလံ (အခိုင်လိုက်ပြိုင်ပွဲ၊ ဥပြိုင်ပွဲ)များ ပါဝင်မည် ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ဆုများကို ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်များကို ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ် ကွပ်ကဲမှုရုံးသို့ ဖေဖော်ဝါရီ ၁၀ရက် ညနေ ၄နာရီအရောက် ပေးပို့ယှဉ်ပြိုင်နိုင်ပြီး အသေးစိတ် အချက်အလက်များကို မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနနှင့် မန္တလေးကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ် ကွပ်ကဲမှုရုံး ဖုန်း-၀၂-၅၉၁၇၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ကမ္ဘာ့ရာသီဥတု အယ်လ်နီညိုနှင့် ကျန်းမာရေး

ဒေါက်တာအောင်စိုး(ခ)အောင်ကျော်မိုး
(အငြိမ်းစား ပြည်နယ်ဆေးရုံအုပ်ကြီး)

အယ်လ်နီညို El Nino သည် စပိန်ဘာသာစကားဖြစ်က "ယောကျ်ားကလေး" (boy child) ဟု အဓိပ္ပာယ်ရသည်။ အချို့နှစ်များ၌ ခရစ္စမတ်ပတ်ဝန်းကျင်ရက်များတွင် ပေါ်ပေါက်လေ့ရှိသော သာမန်ထက်ပိုမိုပူနွေးသည့် ပင်လယ်ရေစီးကြောင်းများကို ပီရူးနိုင်ငံမှ ပင်လယ်ကူးသင်္ဘောသားများက သက္ကရာဇ် ၁၈၀၀လွန်နှစ်များက စတင်တွေ့ရှိရ၍ El Nino ဟု အမည်မှည့်ခဲ့ကြသည်။ El Nino ၏ နောက်ဆက်တွဲဖြစ်ပေါ်လေ့ရှိသော သာမန်ထက် ပိုမိုအေးစိမ့်သည့် ပင်လယ်ရေစီးကြောင်းများကိုမူ La Nina လာနီညာ "မိန်းကလေး" (girl child)ဟု ခေါ်ဆိုခဲ့ပြန်သည်။

သုတေသီများ၏ လေ့လာချက်အရ El Nino ဖြစ်ရပ်များကို ၁၅၆၇-၆၈ခုနှစ်များကတည်းက စတင်တွေ့ရှိခဲ့ကြသည်။ မျက်မှောက်ကာလတွင် ၁၉၇၂-၇၃ခုနှစ်၊၁၉၈၂-၈၃ခုနှစ်နှင့် ၁၉၉၇-၉၈ခုနှစ်များတွင် ဖြစ်ပေါ်ခဲ့သည့် El Nino ဖြစ်စဉ်များသည် ထင်ရှားလှသည်။ သိပ္ပံပညာတိုးတက်ထွန်းကားသော ယနေ့ကမ္ဘာတွင် မိုးလေဝသကြိုတင်ခန့်မှန်းချက်များ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် El Nino ဖြစ်ရပ်များ၏ ကြိုတင်ခန့်မှန်းချက်များသည် ၁၉၈၀ပြည့်နှစ်များမှ စတင်၍ တိုးတက်လာရာ ၁၉၉၅ခုနှစ်တွင် အလွန်ထူးခြားသော တိုးတက်မှု ရလဒ်များကို သိပ္ပံပညာရှင်များက ပိုင်ဆိုင်လာကြသည်။ El Nino ဖြစ်ရပ်များသည် နှစ်နှစ်သို့မဟုတ် ငါးနှစ်တစ်ကြိမ် ပေါ်ပေါက်လေ့ရှိသည်။ ၁၂လခန့် ကြာမြင့်တတ်သည်။ ဇူလိုင်လမှ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလအတွင်း အပြင်းထန်ဆုံး သဘာဝဘေးအန္တရာယ်များကို ဖြစ်ပေါ်စေတတ်သည်။ ဆက်လက်၍လည်း ဖြစ်ပေါ်နေတတ်သည်။

ကမ္ဘာ့တောင်ဘက်ခြမ်း El Nino တုန်ခါယိမ်းယိုင်မှု (El Nino Southern Oscillation-ENSO) ဖြစ်စဉ်များသည် ပင်လယ်သမုဒ္ဒရာများသာမက ကမ္ဘာ့လေထုနှင့် ကမ္ဘာ့ပတ်ဝန်းကျင်ကိုပါ အကျိုးသက်ရောက်စေကြောင်း၊ El Nino ဖြစ်စဉ်များနှင့်အတူ ကုန်သည်လေ (Trade winds)များ တိုက်ခတ်မှုသည်လည်း ပစိဖိတ်သမုဒ္ဒရာ၏ အပူပိုင်းဒေသများတွင် အားပျော့သွားကာ မိုးရွာသွန်းမှုပုံစံကို သိသာထင်ရှားစွာ ပြောင်းလဲစေတတ်ကြောင်း သုတေသီများက ဆိုကြသည်။

၂၀၀၉ခုနှစ် နှစ်လယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော အီကွေတာမျဉ်းကြောင်းတစ်လျှောက် ပစိဖိတ်သမုဒ္ဒရာ၏ ထူးကဲသောပူနွေးမှုကို သိပ္ပံပညာရှင်များ သတိထားမိ၍ El Nino ဖြစ်ရပ်များ ၂၀၀၉ခုနှစ် ၂၀၁၀ခုနှစ်များတွင် ထပ်မံပေါ်ပေါက်မည်ကို စိုးရိမ်ခဲ့ကြသည်။ ကုလသမဂ္ဂနှင့် ကမ္ဘာ့အရပ်ရပ်မှ သိပ္ပံပညာရှင်များက ၂၀၀၉ခုနှစ် ဇွန်လကုန်တွင် ဖြစ်ပေါ်ခဲ့သည့် ပစိဖိတ်သမုဒ္ဒရာ၏ အပူချိန် သာမန်ထက် ၁ဒီဂရီမှ ၂ဒီဂရီဖာရင်ဟိုက်(သုညဒသမ၅မှ ၁ဒီဂရီ ဆဲလ်စီးယပ်စ်)ခန့် ပိုမိုမြင့်တက်နေသည်ကို တိုင်းတာရရှိခဲ့ကြသည်။

၁၅-၁၀-၂၀၀၉ရက်ထုတ် New Light of Myanmar သတင်းစာ စာမျက်နှာ ၁၁တွင် ဩစတြေးလျနိုင်ငံ မိုးလေဝသဗျူရို၏ ၁၄-၁၀-၂၀၀၉ ရက်စွဲပါ ရက်သတ္တနှစ်ပတ်တစ်ကြိမ်ထုတ်နေကျ ENSO El Nino ထုတ်ပြန်ချက်ကို ဖော်ပြထားရာ ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် El Nino ဖြစ်စေနိုင်သည့် အဆင့်ရှိ ပူနွေးမှုများရှိနေကြောင်း၊ ၂၀၁၀နှစ်ဦးပိုင်းအထိ တည်ရှိနိုင်ကြောင်း၊ မိုးခေါင်၊ ခြောက်သွေ့၊ တော်မီးမှ အကြိုရာသီဥတုမျိုးဖြစ်ပေါ်စေသည့် တောင်ဘက်ခြမ်း တုန်ခါမှုညွှန်းကိန်း (Southern Oscillation Index-SOI) ဖြင့် တက်နေကြောင်း ဖော်ပြပါရှိသည်ကို ဖတ်ရှု မှတ်သားလိုက်ရသည်။

၂၀၀၉ခုနှစ် ဇွန်လတွင် သိပ္ပံပညာရှင်များသည် ယခင် လေ့လာမှတ်သားထားသည့် El Nino ၏ ဘက်ပေါင်းစုံမှ နောက်ဆက်တွဲ ဆိုးကျိုးများကို စိုးရိမ်ခဲ့ကြသည်။ ကျန်းမာရေးဆိုင်ရာ ပူပန်မှုများကိုလည်း ဖြစ်ပေါ်စေခဲ့သည်။ ဖြစ်ပေါ်တတ်သော ဆိုးကျိုးများမှာ ကူးစက်ရောဂါများနှင့် နာတာရှည်ရောဂါများဖြစ်ပွားမှု၊ ခြောက်သွေ့မှု၊ မိုးခေါင်မှု၊ လယ်ယာထွက်ကုန်ပစ္စည်းအထွက်ဆုတ်ယုတ်မှု၊ တော်မွတ်ခေါင်းပါးမှု၊ ရေအားလျှပ်စစ်ထုတ်လုပ်မှုပမာဏကျဆင်းမှု၊ စွမ်းအင်လိုအပ်ချက် မပြည့်မီမှု၊ ငါးနှင့် ပင်လယ်ထွက်ပစ္စည်းထုတ်လုပ်မှုကျဆင်းမှု၊ ကမ္ဘာ့စီးပွားရေးနှင့် ကမ္ဘာ့ငွေကြေးစနစ် ကမောက်ကမဖြစ်မှု စသည်များဖြစ်သည်။ ပူနွေးသော El Nino နှင့် အေးစိမ့်သော La Nina ရေစီးကြောင်းများကြောင့် ငါးပုစွန်၊ အော့တိုးပပ်စ်၊ ပင်လယ်မျှော့စသည်တို့သည် ပင်လယ်ရေမျက်နှာပြင်ကို ရှောင်ရှားကာ ရေနက်ပိုင်းပင်လယ်ကြမ်းခင်းသို့ ဆင်းသက်အစာရေစာ ရှာစားကြသဖြင့် ငါးပုစွန်နှင့် အခြားပင်လယ်ထွက် သယံဇာတများ ကုန်ထုတ်လုပ်မှုကို များစွာကျဆင်းစေသည်။

ကမ္ဘာကြီး ပူနွေးလာမှုနှင့် အယ်လ်နီညို၏ ဂယက်ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာကာ အပူပိုင်းမုန်တိုင်း၊ တိုင်ဖွန်းမုန်တိုင်း၊ လေဆင်နှာမောင်း တိုက်ခတ်မှုများ၊ မိုးရွာသွန်းမှုပုံစံ ပြောင်းလဲမှု၊ ရေကြီးမှု၊ တောမီးလောင်ကျွမ်းမှု၊ ခြောက်သွေ့မှု၊ ငလျင်လှုပ်ခတ်မှု၊ ဆူနာမီစသည့် သဘာဝ ဘေးအန္တရာယ်များကို သွယ်ဝိုက်၍ ဖြစ်ပေါ်စေသည်။ နည်းပညာ ထွန်းကားတိုးတက်နေသော မျက်မှောက်ကာလတွင် El Nino မြေငလျင်၊ ဆူနာမီအပါအဝင် သဘာဝဘေးအန္တရာယ်များကို လေ့လာစောင့်ကြပ်ကြည့်ရှုသော ဂြိုဟ်တုများ၊ သင်္ဘောများ၊ ဖော်ယာ (Buoys) များနှင့် အခြားသိပ္ပံစခန်းများမှရရှိသော သတင်းများအရ ကြိုတင်သတိပေးချက်များ ထုတ်ပြန်လေ့ရှိသည်။ ကိုလံဘီယာ တက္ကသိုလ်မှ Earth Institute ၏ အစိတ်အပိုင်းဖြစ်သော ကမ္ဘာ့ပတ်ဝန်းကျင်နှင့် ရာသီဥတုလေ့လာမှုအဖွဲ့ လက်အောက် အပြည်ပြည်ဆိုင်ရာသုတေသနအဖွဲ့ (International Research Institute-IRI) က ၂၀၀၉ခုနှစ်ဇူလိုင် ၁၇ရက် ရက်စွဲပါ ရာသီဥတုခန့်မှန်းချက်တစ်ရပ်ထုတ်ပြန်ခဲ့ရာ၌ ၂၀၀၉-၂၀၁၀ခုနှစ်များတွင် အယ်လ်နီညိုဖြစ်စဉ်များ ပေါ်ပေါက်ဖွယ်ရာရှိကြောင်း၊ အာဖရိက၊ တောင်အာရှ (အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အိန္ဒိယတောင်ပိုင်း၊ မလေးရှား၊ စင်ကာပူစသည်များ) တောင်ပစိဖိတ်ကျွန်းနိုင်ငံများ၊ နယူးဂီနီ၊ နယူးဇီလန်၊ ဩစတြေးလျမြောက်ပိုင်း၊ တောင်အမေရိကတိုက်တို့ အကျုံးဝင်ကြောင်း၊ ၂၀၀၉ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများသာမက ၂၀၁၀ခုနှစ်တွင်ပါ ဆက်လက်ဖြစ်နိုင်ခြေရှိကြောင်း အယ်လ်နီညိုဆိုင်ရာ မိုးလေဝသပြောင်းလဲမှုများအကြောင်း ပါရှိသည်ကို မှတ်သားခဲ့ရသည်။

မျက်ဝါးထင်ထင်ကြုံတွေ့ခဲ့ရသည့်ဖြစ်ရပ်များ

သိပ္ပံပညာရှင်များ သတိပေးခဲ့သည့်အတိုင်း အထက်ဖော်ပြပါဒေသများအပါအဝင် ကမ္ဘာ့အရပ်ရပ်တွင် ၂၀၀၉ခုနှစ် စက်တင်ဘာလ အနှောင်းပိုင်းမှစ၍ ယနေ့ထက်တိုင် သဘာဝဘေးအန္တရာယ်များကို အလူးအလဲခံစားနေရသည်မှာ အများအသိပင်ဖြစ်သည်။ အင်တာနက်၊ မြန်မာ့သတင်းစဉ်၊ နိုင်ငံတကာသတင်းအေဂျင်စီများ၊ နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် သိရှိရသည့် သတင်းအချက်အလက်အချို့ကို ကောက်နုတ်ဖော်ပြရမည်ဆိုလျှင်.... ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တော်တွင် တစ်နာရီ ကီလိုမီတာ ၁၀၀နှုန်းဖြင့် သဲမုန်တိုင်းတိုက်ခတ်မှု၊ အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်တွင် သုံးရက်အတွင်း မိုးရေချိန် ၁၅လက်မအထိ မိုးသည်းထန်စွာ ရွာသွန်းမှု၊ ပစိဖိတ်ကမ်းလွန် တွန်ဂါကျွန်းနှင့် ဆာမိုဝါကျွန်းတို့တွင် ရစ်ချ်တာစကေး ၈ဒသမ သုညအဆင့် ငလျင်လှုပ်ခတ်မှု၊ အင်ဒိုနီးရှားနိုင်ငံ ပါဒန်ဆိပ်ကမ်းမြို့ အပါအဝင် ဆူမတြားကျွန်းတွင် မြေငလျင်နှင့် ဆူနာမီအကြိမ်ကြိမ်ဖြစ်ပေါ်မှု၊ ဖိလစ်ပိုင်နိုင်ငံတွင် မုန်တိုင်းများ၊ ရေကြီးမှုများ၊ မြေပြိုမှုများ အကြိမ်ကြိမ်ဖြစ်ပွားမှု၊ အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် ငါးရက်ဆက်တိုက် မိုးသည်းထန်မှု၊ ရေလျှံမှု၊ တောင်ပစိဖိတ်ကျွန်းနိုင်ငံ ဗာနွာတူတွင် ၇ဒသမ၈ရစ်ချ်တာအင်အား ငလျင်နှင့် ဆူနာမီဖြစ်ပေါ်မှု ဗီယက်နမ်နှင့် ကမ္ဘောဒီးယား၊ တရုတ်ပြည်တောင်ပိုင်းတို့တွင် တိုင်ဖွန်းမုန်တိုင်းများ အကြိမ်ကြိမ်တိုက်ခတ်မှု၊ ရေကြီးမှု၊ ဘရာဇီးနိုင်ငံ၌ တစ်နာရီ ၁၄၂ကီလိုမီတာနှုန်းဖြင့် လေပြင်းတိုက်ခတ်မှု၊ မိုးသည်းထန်မှု၊ ရေလွှမ်းမှု၊ ရွံ့ရည်စီးကျမှု၊ ဆော်လမွန်ကျွန်းစုတွင် ငလျင်လှုပ်ခတ်မှု၊ ဆူနာမီဖြစ်ပေါ်မှု၊ ဖိလစ်ပိုင်၌ မာယွန်မီးတောင်ပေါက်ကွဲမည့် အခြေအနေဖြစ်ပေါ်မှု၊ တာဂျစ်ကစ္စတန်နိုင်ငံတွင် ငလျင်လှုပ်ခတ်မှု၊ နီကာရာဂွါနိုင်ငံတွင် မိုးခေါင်ရေရှားမှု၊ ခြောက်သွေ့မှုနှင့် တော်မွတ်ခေါင်းပါးမှုများဖြစ်ပေါ်မှု၊ နယူးဇီလန်နိုင်ငံတွင် အပူချိန်အလွန်အမင်း မြင့်တက်မှုစသည့် အနိဋ္ဌာရုံများပင်ဖြစ်သည်။ ထိုဖြစ်ရပ်ဆိုးများကြောင့် လူအမြောက်အမြားသေကျေပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း၊ ဒဏ်ရာရရှိခြင်း၊ ကိုယ်အင်္ဂါချို့တဲ့ခြင်း၊ လူနေအိမ်များ၊ ဆေးရုံ၊ ကျောင်း၊ ဈေး စသည့်အဆောက်အအုံများ၊ ယာဉ်များပျက်စီးဆုံးရှုံးခြင်း၊ အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ တန်ဖိုးရှိ လယ်ယာကိုင်းကျွန်းများ၊ ကောက်ပဲသီးနှံများ၊ စားနပ်ရိက္ခာများ၊ သန့်ရှင်းသော ရေအရင်းအမြစ်များ၊ စက်မှုစိုက်ပျိုး အရင်းအမြစ်များ၊ ကျွဲနွား တိရစ္ဆာန်များ၊ လမ်းတံတားများ ဆုံးရှုံးခြင်းစသည်များ ဖြစ်ပေါ်ခဲ့သည်။ လေယာဉ်၊ သင်္ဘော၊ ရထား၊ မော်တော်ယာဉ်ခရီးစဉ်များ ဖျက်သိမ်းရသည့်အပြင် နိုင်ငံတကာအကျော်အမော် အားကစားပြိုင်ပွဲပွဲစဉ်အချို့ကိုပင် ရက်ရွှေ့ခဲ့ရသည်။

လူမှုရေးနှင့် ကျန်းမာရေးအပေါ် ရိုက်ခတ်မှုများ

အင်ဒိုနီးရှားနိုင်ငံတွင် အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ရွာသုံးရွာမှာ မြေဖုံးလွှမ်းကာ လုံးဝပျောက်ကွယ်သွားခဲ့ရာ ရွာတစ်ရွာတွင် ကျင်းပနေသည့် မင်္ဂလာလက်ထပ်ပွဲ အခမ်းအနားသို့ တက်ရောက်နေသော ပရိသတ် ၄၀၀ကျော်လည်း အရှင်လတ်လတ် မြေမြှုပ်ခံလိုက်ကြရသည်ကို စာဖတ်သူများ မှတ်မိကြလိမ့်မည်။ အလောင်း ၂၆ လောင်းမှတစ်ပါး သေသူ၊ ရှင်သူ တစ်ဦးမျှမတွေ့ရှိဘဲ ဆက်လက်တူးဖော်မည်ဆိုလျှင် ပုပ်ပွနေသော အလောင်းများ ပေါ်ထွက်လာရာမှ ရောဂါဘယများ ဖြစ်ပွားလာမည်ကို စိုးရိမ်ကြောင်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။ ရပ်ဝေးရှိ ၎င်းတို့၏ ဆွေမျိုးမိတ်သင်္ဂဟများမှာ ကြီးမားသော စိတ်ကျန်းမာရေးဝေဒနာများ ခံစားနေကြရ၍ ကုသမှုခံကြရသည်။ အလျဉ်းသင့်၍ ဖော်ပြရမည်ဆိုလျှင် သဘာဝဘေးအန္တရာယ်ကြောင့် ပူပင်သောကနှင့် စိတ်ဖိစီးမှုကြီးမားစွာခံစားရသူများတွင် မိမိကိုယ်ကို သေကြောင်းကြံစည်သည်အထိ ပြင်းထန်သည့် တုံ့ပြန်မှုများကို ဖြစ်ပေါ်စေနိုင်ကြောင်း ဆေးပညာက ဆိုထားသည်။

ဘေးလွတ်ရာ ကုန်းမြင့်များပေါ်သို့ တက်ပြေးခဲ့သူ ဆူနာမီဒုက္ခသည်များသည် ကူးစက်ရောဂါများ ဖြစ်ပွားခံစားရမည်ကို စိုးရိမ်ပြီး ပင်လယ်ကမ်းခြေရှိ ၎င်းတို့၏ ဌာနေများသို့ ပြန်ရန်ငြင်းဆန်လျက်ရှိကြောင်း၊ ဆေးရုံများသို့ ထိခိုက်ဒဏ်ရာလူနာများ ရောက်လာမစဲဖြစ်ကြောင်း၊ လာမည့်ရက်သတ္တပတ်များတွင် ဝမ်းနှင့်ပတ်သက်သော လူနာအမြောက်အမြား ပေါ်လာနိုင်၍ ဆေးရုံများအသင့်ပြင်ထားရကြောင်း၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အို အများအပြား ဇကန်မုချ သေကျေကြမည်သာဖြစ်ကြောင်း ပစိဖိတ်ဒေသ ဆိုမာဝါကျွန်းနိုင်ငံမှ ကျန်းမာရေးဌာန အကြီးအကဲ ဒေါက်တာLimbo Fiu က ၄-၁၀-၂၀၀၉ရက်တွင် အထိတ်တလန့်ပြောကြားခဲ့သည်။ ကြုံကြိုက်၍ တင်ပြလိုသည်မှာ မိုးရွာသွန်းမှုလွန်ကဲခြင်း၊ မြစ်ရေ၊ ချောင်းရေ လွှမ်းမိုးခြင်းတို့သည် လူနှင့် တိရစ္ဆာန်တို့၏ မစင်များ၊ စွန့်ပစ်အညစ်အကြေးများကို မျက်နှာပြင်အနှံ့အပြားသို့ သယ်ဆောင်သွားရုံသာမက မြေအောက်ရေသယံဇာတအထိပင် ရောက်ရှိညစ်ညမ်းစေသည်။ ထိုညစ်ညမ်းသောရေများကို သောက်သုံးခြင်းကြောင့် လူသားများတွင် ကာလဝမ်း၊ အူရောင်ငန်းဖျား၊ ဝမ်းလျှောဝမ်းပျက်၊ ဝမ်းကိုက်စသည့်ရောဂါများကို ဖြစ်ပွားစေသည်။ ရေကျဆင်းသွားချိန်တွင်လည်း စွတ်စိုသော မြေမျက်နှာပြင်တွင် ပေါက်ပွားဖွံ့ဖြိုးလာသော မှိုပိုးနှင့် အခြားရောဂါပိုးများသည်လည်း အရေပြားယားယံခြင်း၊ အသက်ရှူကျပ်ခြင်း၊ အော့အန်ခြင်းစသည်များကို ဖြစ်ပေါ်စေပြန်သည်။ မြေမျက်နှာပြင်တွင် ရေတင်မှု၊ ရေအိုင်ဖြစ်ထွန်းမှုများကြောင့်ခြင် ပေါက်ပွားမှု ပိုမိုများပြားလာကာ ငှက်ဖျား၊ သွေးလွန်တုပ်ကွေး၊ ဦးနှောက်အမြေးရောင်၊ ဆင်ခြေထောက်၊ နိုင်းမြစ်အနောက်ဘက် ဗိုင်းရပ်စ်ကူးစက်ရောဂါစသည်များကိုလည်း အားပေးပြန်သည်။

ဤသည်ကား ကမ္ဘာကြီးပူနွေးလာမှု အယ်လ်နီညိုဖြစ်ထွန်းမှု သဘာဝပတ်ဝန်းကျင်နှင့် ကမ္ဘာ့ရာသီဥတု ယိုယွင်းပြောင်းလဲလာမှုတို့၏ ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲအနိဋ္ဌာရုံအချို့ကိုသာ ဖော်ပြခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များ

ကမ္ဘာကြီးပူနွေးလာမှု၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုဖောက်ပြန်မှု၊ အယ်လ်နီညိုဖြစ်ထွန်းမှုများ တားဆီးရန်အတွက် နိုင်ငံတော်က ဘက်စုံဆောင်ရွက်လျက်ရှိသည်။ အချို့ကို ဖော်ပြရမည်ဆိုလျှင် မြန်မာနိုင်ငံတွင် အမျိုးသားသဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီကို ၂၀၀၅ခုနှစ်တွင် ပြင်ဆင်ဖွဲ့စည်းပြီး သဘာဝဘေးအန္တရာယ်များ၏ ဆိုးကျိုးများ နည်းပါးရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် ဘက်စုံသဘာဝဘေးကြိုတင်သတိပေးဗဟိုဌာနကို ထူထောင်ထားရှိပြီး စစ်တွေနှင့် မော်လမြိုင်မြို့တို့တွင် ပင်လယ်ရေမျက်နှာပြင် အခြေအနေတိုင်းကိရိယာ GLOSS Sea Level Gauge များကို တပ်ဆင်ထားသည့်အပြင် နိုင်ငံအနှံ့အပြားတွင် မြေငလျင်တိုင်းတာရေးစခန်းကွန်ရက်များ ဖွင့်လှစ်ထားကာ နိုင်ငံတကာပစိဖိတ်ဆူနာမီ သတိပေးဗဟိုဌာန၊ ဂျပန်မိုးလေဝသအေဂျင်စီတို့နှင့် ချိတ်ဆက်၍ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မြေငလျင်နှင့် ဆူနာမီစသည့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးတို့အတွက် ကြိုတင်ခန့်မှန်းချက်များနှင့် သတိပေးချက်များ ထုတ်ပြန်ပေးလျက်ရှိသည့်အပြင် ကြံ့ခိုင်သည့် လမ်းတံတားများ၊ မုန်တိုင်းဒဏ်ခံအဆောက်အအုံများကိုလည်း တည်ဆောက်ပြီးတည်ဆောက်ဆဲဖြစ်သည်။ ထို့ကြောင့် ပြည်သူတစ်ရပ်လုံးကလည်း ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဒေါပုံမြို့နယ် ဂီတအစည်းအရုံးဖွဲ့စည်းတာဝန်ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၈

ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ ဒေါပုံမြို့နယ် ဂီတအစည်းအရုံး၊ စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ရက် ညနေ ၃နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ အလုပ်အမှုဆောင်များနှင့် ဂီတအစည်းအရုံးဝင် ဂီတပညာရှင်များ တက်ရောက်ကြသည်။

အမှာစကား

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဦးမျိုးတင့် (ရုံးအဖွဲ့မှူး)က ဆောင်ရွက်ပြီး သဘာပတိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးနိုင်က အမှာစကား ပြောကြားသည်။

ဖွဲ့စည်း

ဆက်လက်၍ အဖွဲ့ခေါင်းဆောင် ဦးရန်ပိုင်စိုး(တွဲဖက်အတွင်းရေးမှူး-၁)က မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများ ရှင်းလင်း၍ ဥက္ကဋ္ဌ ဦးဇင်လှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းလှိုင်၊ အတွင်းရေးမှူး ဦးကျော်မင်း၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းလှိုင်၊ ဘဏ္ဍာရေးမှူး ဦးအေးလွင်(ရွှေဇီးကွက်)၊ စည်းရုံးရေးမှူး ရာမညမြင့်စိုးသိန်း၊ ပြန်ကြားရေးမှူး ဦးလေးမြင့်(သီရိဒုံ)၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးမောင်တိုး၊ဒေါ်အေးအေးကျော်၊ ဦးဝင်းကျော်နှင့် KB ကိုမျိုးတို့ ပါဝင်သော မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီခန့်အပ်လွှာကို ဗဟိုအလုပ်အမှုဆောင် ပျဉ်းမနားမြင့်လှိုင်(ပြန်ကြားရေးမှူး)က ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်။

(ဂီတအစည်းအရုံးဗဟို)

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကူမဲဈေးကြီးအတွင်း မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်မှုကို မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းအောင်ခင်၊ ဦးစီးအရာရှိ ဦးအေးဝင်းတင်၊ ဒုတိယဦးစီးမှူး(ဈေး) ဦးကျော်မင်းမင်းထွန်းနှင့် ကူမဲမြို့အရန်မီးသတ်တပ်ဖွဲ့ စခန်းမှူး ဦးမောင်မောင်တို့ ကြီးကြပ် ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ယာဉ်နှင့်လမ်းစည်းကမ်း အသိပညာပေးရုပ်ပြ အလုပ်ရုံဆွေးနွေးပွဲ မော်လမြိုင်တွင်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

အခြေခံပညာဦးစီးဌာနနှင့် မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့ ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးရေး ရုပ်ပြသင်ခန်းစာ သင်ကြားခြင်းအလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၄ရက်တွင် မော်လမြိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စိန်ရတုခန်းမ၌ကျင်းပရာ ရှေးဦးစွာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဝင်းက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မွန်ပြည်နယ် ၁၀မြို့နယ်ရှိ ကျောင်းများသို့ ဖြန့်ဝေပေးရန် ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ပေးပို့သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးအတွက် ပညာရေးရုပ်ပြစာအုပ်များကို ပြည်နယ်ပညာရေးမှူးက လက်ခံသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ကြိုးမဲ့ကြေးနန်း ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ရုပ်ပြသင်ခန်းစာများကို ပြသရှင်းလင်းပြီး ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာမှုရှိစေရေးအတွက် လေ့လာတင်ပြသည်။

အလုပ်ရုံဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာကြသူများသည် ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ မော်လမြိုင် ယာဉ်ထိန်းတပ်ဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေးအတွက် ပြသထားသော ဓာတ်ပုံမှတ်တမ်းများကို ကြည့်ရှု လေ့လာကြသည်။

(သတင်းစဉ်)

တောင်ကြီးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် ရွေးချယ်ပွဲကျင်းပ

တောင်ကြီး ဇန်နဝါရီ ၁၈

တောင်ကြီးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၂၀၀၉ခုနှစ် နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးကို ဒီဇင်ဘာ ၂၇ရက် နံနက်၁၀နာရီက ကိုယ်ပွားသတင်းစာတိုက် တောင်ကြီးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဥက္ကဋ္ဌ ဦးခွန်စိန်ဝင်း (မောင်ခွန်နွယ်-အင်းလေး) နှင့် အမှုဆောင်များ၊ အဖွဲ့ဝင်များနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်သိန်းတို့ တက်ရောက်ကြသည်။

အတည်ပြု

ရှေးဦးစွာ သဘာပတိ ဦးခွန်စိန်ဝင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးတို့က အဖွင့်အမှာစကားပြောကြားကြပြီး စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးညီမောင် (ညီညီမောင်-တောင်ကြီး)က အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်သွင်းပြီး အဖွဲ့ဝင်များက ဆွေးနွေးအတည်ပြုကြသည်။

ရွေးချယ်

ဆက်လက်၍ ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပရာ ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ဦးမြင့်သိန်းက လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် အဖွဲ့ဝင်များက ဥက္ကဋ္ဌ ဦးခွန်စိန်ဝင်း(မောင်ခွန်နွယ်-အင်းလေး) အဖွဲ့ဝင်များအဖြစ် ဦးသန်းဝေ (ဓာတ်ပုံ သန်းဝေ-တောင်ကြီး)၊ ဦးစိုးညွန့် (စိုးညွန့်-တောင်ကြီး)၊ ဒေါ်မြင့်မြင့်သန်း (မမြခက်) နှင့် အတွင်းရေးမှူး ဦးညီမောင် (ညီညီမောင် -တောင်ကြီး)တို့ပါဝင်သည့် အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ကြပြီး ညီလာခံ ကိုယ်စားလှယ်အဖြစ် ဦးသန်းဝေ(ဓာတ်ပုံသန်းဝေ-တောင်ကြီး) အား ရွေးချယ်သည်။

(တောင်ကြီး/ကိုယ်ပွား)

မိတ်ဆက်ပွဲ

TOA Paint (Thailand) Co., Ltd. နှင့် Greenline Myanmar Group Co.,Ltd. တို့ ၂၀၁၀ခုနှစ် အတွက် Mandarin Duck အတွင်း၊ အပြင် အိမ်သုတ်ဆေးနှင့် Alkali Resisting Primer ကုန်ပစ္စည်းအသစ် မိတ်ဆက်ပွဲ အခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

နေပြည်တော် မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

၂၀-၁-၂၀၁၀

၇:၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇:၀၅	တရားတော် **(မောရသုတ်+ဝဋ္ဋသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇:၃၀	(၃၈)ဖြာမင်္ဂလာ
၇:၃၅	နံနက်ခင်းတေးပဒေသာ
၈:၀၀	စံတော်ချိန် + သတင်း ဆောင်းပါး
၈:၁၀	နံနက်ခင်းတေးပဒေသာ
၉:၀၀	အစီအစဉ်ပြီး၏။
၁၀:၀၀	အမှတ်တရတေးလက်ဆောင်
၁၀:၃၀	သတင်းစာအာဘော်
၁၀:၃၅	တေးပဒေသာ
၁၁:၀၀	နေ့လယ်ခင်းသတင်း
၁၁:၁၀	ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၂၃) နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀	ဆိုကြပျော်ရွှင်တေးသံစဉ်(၆၂) တေးပဒေသာ
၁၂:၀၀	စံတော်ချိန် နေ့လယ်ခင်းတေးပဒေသာ
၁၂:၂၅	ဇာတ်လမ်းပမာနားဆင်စရာ (နှောင်းနှောင်တ)
၁၂:၄၅	တေးပဒေသာ
၁၃:၀၀	မွန်းလွဲပိုင်းသတင်း
၁၃:၁၀	တေးပဒေသာ
၁၃:၃၀	အစီအစဉ်ပြီး၏။
၁၆:၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀	ဆောင်းပါး
၁၆:၃၀	စစ်သည်အတွက် တေးလက်ဆောင်
၁၇:၀၀	ခံတွင်းမြိန်စရာ သူ့လက်ရာ (ကိုက်လန်ကြော်၊ မုန်လာဥ ပိုးတီသုတ် နဲ့ အာလူးရွှေဖရုံညွန့်ဟင်းချို)
၁၇:၁၀	Current Song(6)
၁၇:၂၅	သတင်းစာဆောင်းပါး
၁၇:၃၀	တေးပဒေသာ
၁၈:၀၀	ညနေခင်းသတင်း
၁၈:၁၀	ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၃၂)
၁၈:၂၀	ကျေးလက်ဇာတ်လမ်း (နေရာမရှိပါ)
၁၈:၃၀	တူယှဉ်သီကြွေး စုံတွဲတေး
၁၉:၀၀	နိုင်ငံတကာသတင်း
၁၉:၀၅	သံစဉ်တေးသွား မေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၁၉:၁၅	အနုအလှအစုံစုံ သူ့ဘာဝအဖုံဖုံ (သန်းသန်းစိုး)
၁၉:၃၀	တေးပဒေသာ
၁၉:၄၀	ဝတ္ထုတိုခံစားမှု (နွေးသောနှင်း)
၂၀:၀၀	ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၂၀:၂၀	သူ့ခေတ်သူ့ခါတေးကမ္ဘာ
၂၀:၅၀	ကျန်းမာရေးရာသိကောင်းစရာ (နံ့သာဖြူရဲ့ ဆေးအစွမ်း) လူမှုရေးဦးတည်ချက်
၂၁:၀၀	ခံစားနားဆင် မြန်မာတေးသံစဉ်
၂၁:၃၀	ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀	အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၁-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ဘာဝနာ(၄၀)** တရားတော် (အပိုင်း-၃) (ဆရာတော် ဘဒ္ဒန္တသုမန)
၆:၅၀	ထူးခြားပူဇော် ပန်းပေါင်းစုံဗုဒ္ဓ ရုပ်ပွားတော်
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV_4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၈:၃၀	Sports World (World Sport)
၈:၅၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **မှားခွင့်** ရိုက်ကွင်းအမှတ်တရ
၉:၁၅	ဂုဏ်ယူဖွယ်ရာ အစဉ်အလာကောင်းများနှင့် အထက(၄)စမ်းချောင်း
၉:၂၅	Sunday Talk
၁၀:၂၀	KOSE' ရဲ့ ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ
၁၀:၃၀	Activities in the City (ကျန်းမာရေးဟောပြောပွဲနှင့် Keen Cie ဝန်ဆောင်မှုလုပ်ငန်းဖွင့်ပွဲ)
၁၀:၅၅	Cartoon Show Time (Over the Hedge)
၁၁:၃၀	လှပဝင့်ထည် မြန်မာ့ကြိမ်ထည်
၁၁:၅၀	ကလေးများ၏ ကျန်းမာဖွံ့ဖြိုးရေး ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာ မြင့်မြင့်သန်း
၁၂:၁၀	ကမ္ဘာနှင့်ယှဉ် ရင်ပေါင်တန်း မြန်မာ့သားရေထည်ရဲ့အစွမ်း
၁၂:၂၅	ရန်ကုန်မြင်ကွင်းကျယ် (အလန်းဆုံးည၊ အလင်းဆုံးကြယ်)
၁၂:၄၅	Activities in the City (လေးစားထာဝရ ဂါရဝမင်္ဂလာ)
၁:၀၀	**ဘာဝနာ(၄၀)** တရားတော် (အပိုင်း-၃) (ဆရာတော် ဘဒ္ဒန္တသုမန)
၂:၀၀	MRTV-4 သတင်း
၂:၄၅	Fashion Music Festival Hip Hop ကမ်းခြေ (၁)
၃:၂၀	ကလေးများ၏ ကျန်းမာဖွံ့ဖြိုးရေး ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာ မြင့်မြင့်သန်း
၃:၄၀	ဂုဏ်ယူဖွယ်ရာ အစဉ်အလာကောင်းများနှင့် အထက(၄)စမ်းချောင်း
၃:၅၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **မှားခွင့်** ရိုက်ကွင်းအမှတ်တရ
၄:၁၀	World of Knowledge
၅:၀၅	Activities in the City (အင်းဝစာအုပ်တိုက် ပြောင်းရွှေ့ဖွင့်လှစ်ခြင်းအထိမ်းအမှတ် စာအုပ်အရောင်းပွဲတော်)
၅:၂၀	Celebrity Style (သရုပ်ဆောင် ဇေဇေနှင့်တွေ့ဆုံခြင်း)
၆:၀၀	MRTV-4 သတင်း
၆:၂၀	Cartoon Show Time (Over the Hedge)
၆:၅၅	Fashion Music Festival Hip Hop ကမ်းခြေ(၁)
၇:၃၀	သင်ကြားရေးလမ်းညွှန် (Thin Myanmar Language Centre)
၈:၀၀	MRTV-4 သတင်း
၈:၃၀	ဟိုတယ်လမ်းညွှန် (Lucky Dragon Hotel)
၈:၅၀	ရန်ကုန်မြင်ကွင်းကျယ် (အလန်းဆုံးည၊ အလင်းဆုံးကြယ်)
၉:၀၅	Celebrity Style (သရုပ်ဆောင် ဇေဇေနှင့်တွေ့ဆုံခြင်း)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၁၀:၀၀	သင်ကြားရေးလမ်းညွှန် (Thin Myanmar Language Centre)
၁၀:၂၅	ဟိုတယ်လမ်းညွှန် (Lucky Dragon Hotel)
၁၀:၄၀	**အေးမြသော လေညင်းလေးများ** မေတ္တာ၊ စိုးမိုးကြည်၊ ဇေယျ၊ ဖူးဖူးမောင်၊ [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၁၀:၅၅	ဖြူးချောင်းတံတား
၁၁:၀၀	စေတနာအရင်းခံ မြန်မာ့တစ်သျှူးဘဏ်
၁၁:၂၅	အရသာနှင့် အာဟာရစုံစွာ ပျော်ဘွယ်မုန့်ကြွပ်မှာ
၁၁:၃၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

TOA ၏ အိမ်သုတ်ဆေးအမျိုးအစား ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

TOA Paint (Thailand) Co., Ltd. နှင့် Greenline Myanmar Group Co.,Ltd. တို့က ၂၀၁၀ခုနှစ်အတွက် Mandarin Duck အတွင်း၊ အပြင် အိမ်သုတ်ဆေးနှင့် Alkali Resisting Primer ကုန်ပစ္စည်းအသစ် မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပရာ TOA Paint(Thailand) Co.,Ltd.နှင့် Greenline Myanmar Group Co.,Ltd. တို့မှ တာဝန်ရှိသူများက နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ရှင်းလင်းပြောကြား

ထို့နောက်TOA Paint(Thailand) Co.,Ltd. မှ Mr. Wuttipong က Mandarin Duck ရေဆေး၊ TOA Decorative Paint. TOA Wood Coating. TOA Special Paints နှင့် Heavy Guard ကုန်ပစ္စည်းများအကြောင်းနှင့် TOA Construction Chemical အကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

TOA Mandarin Duck အိမ်အတွင်း၊ အပြင်သုတ်ရေဆေးနှင့် ခံဆေးသည် ဆေးအရည်အသွေး ကောင်းမွန်ခြင်း၊ မိမိကြိုက်နှစ်သက်ရာ အရောင်များကို အချိန်တိုအတွင်း ရွေးချယ်ဝယ်ယူရရှိနိုင်ခြင်း၊ ဆေးသုတ်နိုင်သည့် ဧရိယာများများ ရရှိနိုင်ခြင်း၊ တစ်ဂါလန်နှင့် ငါးဂါလန်ပုံးများကို ရရှိနိုင်ခြင်းတို့အပြင် ဆေးပုံးတိုင်းတွင် ငွေသားဆုမဲများထည့်သွင်းပေးထားပြီး တစ်သောင်းတန် ဆုမဲလက်မှတ်များကိုလည်း ထည့်သွင်းပေးထားကြောင်း သိရသည်။

ဝယ်ယူနိုင်

TOA ၏ ရေဆေး၊ ဆီဆေး၊ သစ်သားသုတ်ဆေးနှင့် စက်မှုလုပ်ငန်းသုံးဆေးများကို ခေတ်မီကွန်ပျူတာ စက်ကြီးများဖြင့် မိမိကြိုက်နှစ်သက်ရာ အရောင်များကို စိတ်ကြိုက်ရွေးချယ်နိုင်ပြီး မိနစ်အနည်းငယ်အတွင်း ထုတ်လုပ်ရရှိနိုင်ကြောင်း၊ ယင်းကုန်ပစ္စည်းများကို မှာယူလိုပါက ရန်ကုန်မြို့တွင် အမှတ်၆၅ ကုန်ဈေး တန်းလမ်း ပန်း ဘဲတန်းမြို့နယ် ဖုန်း-၃၈၄၁၁၉၊ ၂၄၆၁၉၄နှင့် မန္တလေးမြို့တွင် အမှတ် ၃၁၀၊ လမ်း ၈၀၊ ၂၀-၂၁လမ်းကြား အောင်မြေသာစံမြို့နယ် ဖုန်း-၀၂-၆၄၈၅၈၊ ၀၉-၈၆-၁၇၁၄၀တို့၌ ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်း ယင်းမာပင်မြို့၌ သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန စစ်ကိုင်းတိုင်း ယင်းမာပင်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၁၃)၊ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၉)နှင့် အိမ်တွင်းမှု လက်မှုသင်တန်း(ကြိမ်/ဝါး) အမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၁ရက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပပြီး **(အောက်ပုံ)** သင်တန်းများတွင် ဒေသခံတိုင်းရင်းသူ ၃၉ဦး တက်ရောက်ခဲ့ကြကာ သင်တန်းသူများအနေဖြင့် သင်တန်းကျောင်းသို့ အသွား၊ အပြန်ခရီးစရိတ်များ၊ နေထိုင်စားသောက်စရိတ်များ၊ သင်တန်းသုံးပစ္စည်းများမှာ အခမဲ့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောပွဲ ရွှေပြည်သာမြို့နယ်တွင်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စစ်မှုထမ်းဟောင်း မော်တော်ယာဉ်လိုင်း (ပထမအကြိမ်)ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၃၁ရက် မွန်းတည့် ၁၂နာရီက မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကြိုးမဲ့ကြေးနန်းယာဉ်ထိန်းရဲစခန်း အမှတ်(၁) နယ်မြေမှ ဒုတိယရဲမှူး မြင့်ကြည် **(အပေါ်ပုံ)**က ယာဉ်မတော်တဆမှုများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှု မရှိခြင်းကြောင့် ဒဏ်ရာရသေဆုံးမှုကို ကိန်းဂဏန်းများဖြင့်လည်းကောင်း၊ ယာဉ်မတော်တဆမှုကြောင့် ဖြစ်ပွားသည့်အနိဋ္ဌာရုံများဆွေးနွေးဟောပြောသည်။

အခမ်းအနားသို့ မြို့နယ်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်မောင်ဝင်း (ငြိမ်း)၊ အတွင်းရေးမှူး ဗိုလ်ကြီးမိုးဇော်လှိုင် (ငြိမ်း)နှင့် အမှုဆောင်များ၊ ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ တက်ရောက်ကြသည်။

(မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဇန်နဝါရီ ၁၈

ဆင်ဘိုဌ် ကြွပ်ကြွပ်အိတ်ကင်းစင်ရေး ပညာပေးဟောပြော

ဆင်ဘိုမြို့တွင် ကြွပ်ကြွပ်အိတ်များရောင်းချခြင်းနှင့် အသုံးပြုခြင်းများကို တားမြစ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြွပ်ကြွပ်အိတ်ကင်းစင်ပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ၁၅ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစိုးစိုးသက်က အဖွင့်အမှာစကားပြောကြားပြီး အစားထိုးဖော့အိတ်များ အခမဲ့ ဖြန့်ဝေပေးသည်။ (မြို့နယ် ပြန်/ဆက်)

ကောလင်းမြို့နယ်၌ စာကြည့်တိုက် လွှဲပြောင်းပေးအပ်

ကောလင်းမြို့နယ် သပြေအိုင်စု ချောင်းကွေ့ကျေးရွာ သုတကာရီစာကြည့်တိုက်အဆောက်အအုံလွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က အဆိုပါကျေးရွာ စာကြည့်တိုက်၌ကျင်းပရာ သုတကာရီစာကြည့်တိုက်ကော်မတီ နာယက ဦးသိန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်သန်းဝင်းက ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဟောပြောသည်။ (ဝ၃၂)

တန့်ဆည်၌ မြို့လယ် အဝိုင်းပတ်လမ်းဖွင့်

တန့်ဆည်မြို့ မြို့လယ်အဝိုင်းပတ်လမ်းဖွင့်ပွဲကို ဇန်နဝါရီ ၄ရက် နံနက် ၆နာရီက အဆိုပါအဝိုင်းပတ်လမ်း၌ကျင်းပရာ မြို့မိမြို့ဖ ဦးတင်မြင့်(စက်ပိုင်)၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးငွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

မိုးကုတ်မြို့နယ် မဂ္ဂဇင်းထုတ်ဝေရေးစည်းဝေး

မိုးကုတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှထုတ်ဝေရန် မိုးကုတ်မြို့နယ် မဂ္ဂဇင်းအမှတ်(၃)စာအုပ်ထုတ်ဝေရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ (မြို့နယ် ပြန်/ဆက်)

မိုးမောက်၌ ခွာညိုလမ်း သဲကျောက်ခင်း

ကချင်ပြည်နယ် မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းမှ ခွာညိုလမ်း သဲကျောက်ခင်းခြင်းကို အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းစိုးဦးတို့ ကြည့်ရှုစစ်ဆေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ဘားအံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စည်းဝေး

ဘားအံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို ဒီဇင်ဘာ ၂၇ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိဦးစန်းမြင့်(ရဲဘော်စန်းမြင့်)က အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ကိုရွေးချယ်ရာ ဥက္ကဋ္ဌ ဦးတင်ထွန်းအုန်း (မန်းခြိမ့်ဖလေ့)၊ အတွင်းရေးမှူး ဒေါ်နန်းသိန်းကြည် (ဖွဲ့ကပင်ဇေကရီ)၊ ဘဏ္ဍာရေးမှူး ဦးစောစံတင်(ဓာတ်ပုံစံတင်)၊ အမှုဆောင်များအဖြစ် ဦးမြင့်လွင် (မောင်မြင့်လွင်-မုပွလင်)နှင့် ဦးငွေထွဏ်း(ရာပြည့်တောင်ကြီး)တို့အား ရွေးချယ်ကြသည်။ (ဝဝ၈)

ဟသ်ာတမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲရုံးသစ်ဖွင့်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဟင်္သာတမြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၉နာရီက ဟင်္သာတမြို့ ပတ္တမြားရပ်ကွက် ဗိုလ်အောင်ကျော်လမ်းရှိ အဆိုပါရုံးအဆောက်အအုံသစ်၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးလှဝေက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (၁၇၇)

နွားထိုးကြီး၌ ရေပေးရေးအဆောက်အအုံဆောက်လုပ်ပြီးစီး

နွားထိုးကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေပေးရေးအဆောက်အအုံကို ငွေကျပ်သိန်း၃၀ဖြင့် အကုန်အကျခံဆောက်လုပ်ပြီးစီးမှုကို ဒီဇင်ဘာ ၃၀ ရက်က အမှုဆောင်အရာရှိ ဦးကံချွန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝဏ္ဏတို့ ကွင်းဆင်းကြည့်ရှုကြသည်။ (ဝ၉၂)

လားရှိုးမြို့နယ် စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီစည်းဝေး

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ မျက်နှာစုံညီအစည်းအဝေးကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်၌ ဒီဇင်ဘာ ၂၇ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်လင်းက အမှာစကားပြောကြားပြီး ဥက္ကဋ္ဌဦးညွန့်ဝေ (ကောင်းညွန့်ဝေ)၊ အတွင်းရေးမှူး ဦးသိန်းဟန်(ရာမည-သွေးမွန်)၊ ဘဏ္ဍာရေးမှူး ဦးအောင်မင်း (သတင်းထောက်)တို့ကို ရွေးချယ်တင်မြှောက်ကြသည်။ (ဝ၂၆)

ပြင်ဦးလွင် ပဒေသာမြို့သစ်၌ အားကစားပြိုင်ပွဲများဖွင့်

(၁၉)ကြိမ်မြောက် ပဒေသာမြို့သစ် အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ရက်က ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် အားကစားပြိုင်ကွင်း၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီဝင်းနှင့် ရပ်ကွက်ကြီး(၈) ပဒေသာမြို့သစ်ဥက္ကဋ္ဌ ဦးကျော်ရင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ဝ၈၈)

ကတ္တရာလမ်းသစ် ဝိုင်းမော်မြို့၌ဖွင့်

ဝိုင်းမော် ဇန်နဝါရီ ၁၈

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် အမှတ်(၅)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက် နံနက် ၈ နာရီခွဲက အမှတ်(၅)လမ်းထိပ်ရှိ မုခ်ဦး၌ ကျင်းပရာ ကတ္တရာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဦး၊ အမှုဆောင်အရာရှိ ဦးမြေလွင်စိုးနှင့် အမှတ်(၂)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဆုချီးမြှင့်

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်၌ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပွဲများ ကျင်းပရာ အသက်(၁၀)နှစ်အောက် အာလူးကောက်ပြိုင်ပွဲတွင် ပထမဆုရရှိသူ မသဲဆုလွင်အား အမှတ်(၅) ရဲကင်းမှူး ရဲတပ်ကြပ်ကြီး သက်လွင်က ဆုချီးမြှင့်စဉ်။ (၁၁၁)

မြို့သစ်(က+ခ)ရပ်ကွက် စာကြည့်တိုက်ဖွင့်ပွဲ အင်းစိန်မြို့နယ်၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက် ၂လမ်း ဓမ္မာရုံစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် မြို့သစ်(က+ခ)ရပ်ကွက် ၂လမ်း ဓမ္မာရုံစာကြည့်တိုက်ဖြစ်ပေါ်လာပုံကို စာကြည့်တိုက်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်ကြည်လင်းစိန်က ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်နှင်းကြည်နှင့် မြို့နယ်အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်မင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ) (ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်ရေရှည်တည်တံ့ရေး အသိပညာပေးဟောပြောပွဲ ချမ်းမြသာစည်မြို့နယ်၌ ကျင်းပ

မန္တလေး ဇန်နဝါရီ ၁၈

မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၈ရက် မွန်းလွဲ ၂နာရီက စာကြည့်တိုက်ရေရှည်တည်တံ့ရေး အသိပညာပေးဟောပြောပွဲကို မြို့သစ်(၂)ရပ်ကွက် ဆ/၄ရှိ ခေမာလောက ဓမ္မာရုံ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလွင်က စာကြည့်တိုက်ရေရှည်တည်တံ့ရေးအတွက် စံ(၅)ချက်နှင့် ပြည့်စုံရန်၊ ရပ်ကွက်ပြည်သူများအား စာဖတ်လိုစိတ်ဖြစ်ပေါ်လာအောင် စည်းရုံးဆောင်ရွက်ရန်နှင့် စာအုပ်စာစောင်များတိုးပွားရေးအတွက် စာငှားစနစ်ကျင့်သုံးဆောင်ရွက်ရန်တို့ကို ဆွေးနွေးဟောပြောသည်။

ဆွေးနွေး

ထို့နောက် ဆ/၄ရပ်ကွက်မှ ဦးသက်ခိုင်က စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

ကတ္တရာလမ်းထပ်ပိုးလွှာဖွင့်ပွဲ ရေးမြို့ ရန်ကြီးအောင်ရပ်ကွက်၌ကျင်းပ

ရေး ဇန်နဝါရီ ၁၈

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေးမြို့ ရန်ကြီးအောင်ရပ်ကွက် ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက်၇နာရီက အဆိုပါလမ်းထိပ်၌ ကျင်းပသည်။

ပေးအပ်

ရှေးဦးစွာ ကတ္တရာလမ်း ထပ်ပိုးလွှာ ဖြစ်မြောက်ရေးဆောင်ရွက်ပြီးစီးမှုနှင့်ပတ်သက်၍ တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်ဝင်းမောင်က ရှင်းလင်းတင်ပြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ထွဋ်က လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ လမ်းဖွင့်ပွဲကိုကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးသီဟ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ထွဋ်နှင့် ရန်ကြီးအောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်ဦးတို့က ကတ္တရာလမ်းထပ်ပိုးလွှာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

၂၀၁၀ခုနှစ်(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းမှတ် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့မအားကစားကွင်း၌ ကျင်းပရာ ဆုရရှိသူတစ်ဦးအား ရှမ်းပြည်နယ်(အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)တွဲဖက် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းကြည်က ဆုချီးမြှင့်စဉ်။

(ခရိုင် ပြန်/ဆက်)

သင့်သွေးဖြင့် အသက်ကယ်ပါ

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ အမှတ် ၅ နေ
ဦးငွေဇင်(မန်နေဂျာ၊ငြိမ်း၊မြန်မာ့ကုန်တိုက်)-ဒေါ်ခင်ရီတို့၏သား

မောင်မျိုးဇော်

B.Sc (Physics), 1st Mate (F.G)
Chief Officer (M.T Theresa Pegasus & M.T Theresa Pacific)
Raffle Ship Management Pte Ltd. SBM Co.,

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ ဗိုလ်မင်းရောင်လမ်း၊
အမှတ် ၂၅၈ နေ ဒေါ်တင်ဦးရီ၏တူမ၊
ဦးသန်းထွန်း(လက်ထောက်အထွေထွေမန်နေဂျာ၊ငြိမ်း၊စား/ထွေ)-ဒေါ်တင်ထွေးတို့၏သမီး

မမိုးစန္ဒာ

B.Sc (Hons.,) Physics, Dip: in Banking
Manager (Tamwe Branch)-Myanmar Oriental Bank

တို့၏ ၉-၁၂-၂၀၀၉ရက်တွင် ရန်ကုန်တိုင်းတရားရုံး၌ မင်္ဂလာဓော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တွဲဖက်တိုင်းတရားသူကြီး(၈) ဒေါ်ခင်မေတင့်အားလည်းကောင်း၊ ၈-၁-၂၀၁၀ရက်တွင် မဟာစည်သာသနာ့ရိပ်သာ၌ မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ၁၆-၁-၂၀၁၀ ရက် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြီးစီးခဲ့သောမင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော Capt.သတိုးကျော်(SB Maritime) နှင့် ဇနီး ဒေါ်မိမိနိုင်(Precious Gems & Jewellery)အားလည်းကောင်း၊ မင်္ဂလာလက်စွပ်များချီးမြှင့်ပေးသော ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့် ဇနီးဒေါ်ဆွေဆွေသိန်းအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာဦးလက်ဆောင်များ ပေးပို့ချီးမြှင့်ခဲ့ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးသော မဝသုန်ချစ်၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးသော မအေးယုဟန်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မအိအိဝေဖြိုး၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော မမြတ်ဘုန်းပြည့်မှူး၊ သတို့သားအရံ မောင်ကျော်နိုင်ဦး(Chief Officer, MAERSK LINE)နှင့် သတို့သမီးအရံ မသန္တာဝင်း၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးပါသော First Music Agency အဖွဲ့၊ မိတ်ကပ်နှင့်ဆံပင်အလှပြင်ဆင်ပေးသော မိတ်ကပ်စိုးစိုး၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးသော ဓာတ်ပုံစိုင်းဘုန်းထူးနှင့်အဖွဲ့အားလည်းကောင်း၊ မေတ္တာဖြင့်လက်ဝတ်ရတနာဆင်မြန်းပေးပါသော ကိုအောင်ငွေ-မနီလာ၊ မတင်မြ(ဗိုလ်ချုပ်ဈေး)နှင့် ဒေါ်စိန်အင်(တာမွေ)တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေသူငယ်ချင်းများ၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မျိုးဇော်နှင့် မမိုးစန္ဒာ။

မင်္ဂလာဦးဆုတောင်း

မောင်မျိုးဇော်(ခ)မျိုးမျိုး(ခ)ကိုလေးနှင့် မမိုးစန္ဒာတို့၏ ၁၆-၁-၂၀၁၀ရက် မင်္ဂလာနေ့မှသည် ရတုအဆက်ဆက်တိုင်အောင် ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေ-

ကိုကြီး	- **ကိုဝင်းဇော်** **2nd Officer S.H Shipping Co.**	- **ဒေါ်အေးသဇင်သိန်း** **လက်ထောက်ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန**
ညီမများ	- **ဗိုလ်ကြီးအောင်ဇော်ဦး** **အမှတ်(၁)သကြားစက် ကန့်ဘလူ**	- **ဒေါ်ဇင်ကေသွယ်** **ဦးစီးအရာရှိ၊ အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ လသာမြို့နယ်**
	- **ဒေါက်တာဇင်မေသွယ်** **လက်ထောက်ကထိက၊ ဒဿနိကဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**	
ကယ်ကယ်ကြီး၏ တူ၊ တူမများ	- **မမြတ်ဘုန်းပြည့်မှူး[Grade-2(D) အထက-၁၊ ဒဂုံ]** **[Primary I(B) Weekend, ILBC]** - **မောင်ဘုန်းထက်အောင်(ခ)ခန့်ချော။**	

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အထက်ဘိုးရာဇာလမ်း၊ ခြံအမှတ် ၃၂(က)နေ
ဦးသန်းရှိန်(မြို့နယ်အင်ဂျင်နီယာ၊ ရေသန့်ဌာန၊ မြို့တော်စည်ပင်-ငြိမ်း)-
ဒေါ်မြသိန်း(စူပါလျှပ်စစ်စတိုး)တို့၏သား

မောင်ကျော်ရဲထွန်း

MTV (လျှပ်စစ်စတိုး)

နှင့်

ရန်ကုန်မြို့နေ ဦးတင်စော-ဒေါ်မြမြ(ရောင်နီဦးသစ်စက်)တို့၏တူမ၊
ဦးမောင်မောင်မြင့်-ဒေါ်သီတာခင်တို့၏သမီးကြီး

မမြင့်ကေခိုင် (LL.M)

တို့၏ ၇-၁-၂၀၁၀ရက်တွင် မင်္ဂလာဓော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဦးတင်အေးအားလည်းကောင်း၊ အသိသက်သေများအဖြစ် ဦးရဲမင်းသိန်း(Diamond Crown အထည်ဖြန့်ချိရေး)နှင့် ဦးစိုးညွန့်(တရားရုံးချုပ်ရှေ့နေ)တို့အား လည်းကောင်း၊ ၁၇-၁-၂၀၁၀ ရက်တွင် International Business Center ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ် ပန်းကုံးချီးမြှင့်ပေးသော ဦးသန်းတိုးအောင် [ဒု-အင်ဂျင်နီယာမှူးကြီး အထူးစီမံကိန်းအဖွဲ့-၅(လမ်း)၊ပြည်သူ့ဆောက်လုပ်ရေး၊နေပြည်တော်]နှင့်ဇနီးဒေါ်မိမိငွေ၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးသော ဦးစိုးနိုင် (ဦးစီးအရာရှိ၊ နယ်စပ်စည်ပင်ဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်ငွေငွေရီ (Managing Director Golden Hours Co., Ltd.) အားလည်းကောင်း၊ အခမ်းအနားမှူး ဦးဝင်းတင်၊ မင်္ဂလာပန်းကြဲပေးသော မပပဝင်း၊ မင်္ဂလာပန်းကုံးဗန်းနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မယမင်းမျိုးသူ၊ မင်္ဂလာအခါတော်ပေးသီချင်း ဆိုပေးသော တေးသံရှင်ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော စန္ဒရားသိန်းမြင့်သန်းနှင့်အဖွဲ့၊ မိတ်ကပ်ကိုမာ၊ ဗီဒီယို၊ ဓာတ်ပုံနှင့်မှတ်တမ်းတင်ပေးသော ကိုမြင့်ချို (DORA)၊ IBC မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့ကိုလည်းကောင်းလှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်ရဲထွန်း-မမြင့်ကေခိုင်။

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြု မြောက်ဥက္ကလာပ၌ ပညာတန်ဆောင်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၁၀) အခြေခံပညာအလယ်တန်းကျောင်း (အထက-၂၊ခွဲ)တို့ ပူးပေါင်း၍ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပညာတန်ဆောင်ကျောင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်စမ်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်နှင့် ကျောင်းအုပ်ဆရာမကြီးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲ ပြုလုပ်ရာ အထက်တန်းပြဆရာမ ဒေါ်မြင့်မြင့်နွဲ့နှင့် ဒေါ်သဇင်ဆင့်တို့က ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်ပေါင်း ၁၁၅ အုပ်ကို ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

ပညာပန်းခင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ပန္နက်တင်မင်္ဂလာကျင်းပ

မော်လိုက် ဇန်နဝါရီ ၁၈

မော်လိုက်ခရိုင် မော်လိုက်မြို့နယ် ထော်သာကျေးရွာတွင် ဇန်နဝါရီ ၁၄ ရက်က ပညာပန်းခင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ပန္နက်တင် မင်္ဂလာအခမ်းအနားနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ရီရီရှိန်၊ မြို့နယ်ဦးစီးမှူး ဦးညွန့်ဝေ၊ ကျေးရွာဥက္ကဋ္ဌ ဦးဘိုကြီးနှင့် ရပ်မိရပ်ဖများက စာကြည့်တိုက်ကို အုတ်မြစ်ချ ပန္နက်တင်ပေးကြသည်။

ဟောပြော

ဆက်လက်၍ ကျေးရွာမူလတန်းကျောင်းခန်းမ၌ ဟောပြောပွဲကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဒေါ်ရီရီရှိန်က ကျေးရွာပြည်သူများ အသိပညာမြင့်မားလာစေရေး အတွက် စာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ အစဉ်ရှင်သန်နေစေရေး ဝိုင်းဝန်းဆောင်ရွက်ရန် ဟောပြောကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အလိမ္မာ စာမှာရှိ

မြင်းမူမြို့နယ်၌ စုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲ

မြင်းမူ ဇန်နဝါရီ ၁၈

၂၀၀၉ ခုနှစ် ဒီဇင်ဘာအားကစား လ စုပေါင်းလမ်းလျှောက်ပွဲကို မြင်းမူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာ ၁၉ ရက် နံနက် ၅ နာရီခွဲက မြင်းမူအထကရှေ့၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်သူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ ပါဝင်ဆင်နွှဲကြသည်။

စုပေါင်းဆောင်ရွက်

စုပေါင်း လမ်းလျှောက်ပွဲကို နံနက် ၆ နာရီတွင် စတင်တာထွက်၍ မြင်းမူမြို့နှင့် သုံးမိုင်အကွာရှိ ဝမ်းပြည့်ကျေးရွာအထိ အသွားအပြန် စုပေါင်းလမ်းလျှောက်ကြကာ မြို့နယ်ပြည်သူ့အားကစားကွင်းတွင် ပန်းဝင်ပြီး ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ကြသည်။ **(ဝ၃၅)**

မီးဘေးကြိုတင်ကာကွယ်ရေး အလုံမြို့နယ်၌ဟောပြော

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်အတွင်းရှိ မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန သစ်လုံးသိုလှောင်ရေးဌာနစု၏ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှုသရုပ်ပြလေ့ကျင့်ခန်းများကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပရာ သစ်လုံးသိုလှောင်ရေးဌာနစု မန်နေဂျာဦးအောင်မြင့်သူ**(အပေါ်ပုံ)**နှင့် အလုံမြို့နယ်မီးသတ်ဦးစီးမှူး ဦးလှသောင်းတို့က မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ဟောပြောဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးလက်အိမ်ရာဖွံ့ဖြိုးမှုနှင့် စိုက်ပျိုးပြုစုမှု ထူးချွန်သူများအား ကျောက်တန်း၌ ဆုများချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တောင်ပိုင်းခရိုင်သန်လျင်မြို့နယ် (ကျောက်တန်းနယ်မြေ) သစ်တောဦးစီးဌာနက ၂၀၀၉-၂၀၁၀ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ကျေးလက်အိမ်ရာ ဖွံ့ဖြိုးမှုနှင့် စိုက်ပျိုးပြုစုမှုထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရတနာခန်းမ၌ နံနက် ၁၁ နာရီက ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇေယျနှင့် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရီထွေးတို့က အမှာစကား ပြောကြားကြသည်။

ဆုချီးမြှင့်

ထို့နောက်ဆုချီးမြှင့်ပွဲ ကျင်းပရာ တစ်အိမ်ထောင်ကျွန်းသုံးပင် အကောင်းဆုံး စိုက်ပျိုးပြုစုခဲ့သည့် ဦးမြင့်သန်း၊ သစ်မာ အပင် ၂၀ အကောင်းဆုံး စိုက်ပျိုးပြုစုခဲ့သည့် ဦးငွေမြင့်နှင့် အကောင်းဆုံးကြီးကြပ်ကွပ်ကဲခဲ့သည့် ပါဒကြီးစံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးဟန်တို့ကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇေယျ **(အောက်ပုံ)**နှင့် သစ်တောဦးစီးအရာရှိ ဦးရီထွေးတို့ကဆုများ ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အိမ်မဲစည်ပင် လမ်းတံတားလုပ်ငန်းများဆောင်ရွက်

အိမ်မဲ ဇန်နဝါရီ ၁၈

အိမ်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် မြို့ပြလမ်း တံတားနှင့် ကျေးလက်လမ်းတံတားများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ခရိုင်တာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဒေါ်လေးခင်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာဦးမိုးမြင့်က ရှင်းလင်းတင်ပြခဲ့သည်။

ဆောင်ရွက်ပေးခဲ့

အိမ်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်၌ မြို့ပြကတ္တရာလမ်းလေးလမ်း၊ ကျောက်ချောလမ်းနှစ်လမ်း၊ ကွန်ကရစ်တံတားငယ်နှစ်စင်း၊ ကျေးလက်ကျောက်ချောလမ်းသုံးလမ်း၊ ကျေးလက်ရေပေးရေး တွင်းတိမ် ၁၆ တွင်းကို ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးခဲ့သည်။ **(မြို့နယ်စည်ပင်)**

ကမ္ဘာ့အကြီးဆုံး အဆောက်အအုံများ

စုစည်းတင်ပြသူ - မောင်မောင်ဆွေ

အကြီးဆုံးရေပေါ် စားသောက်ဆိုင်

ယင်းအကြီးဆုံး ရေပေါ်စားသောက်ဆိုင်ကို ကျွန်းသစ်ဖြင့်နှစ်နှစ်ကြာ တည်ဆောက်ထားသည်။ အတွင်းဘက်တွင် အာရေဗျပုံစံဖြင့် ထည်ဝါစွာမွမ်းမံ ပြင်ဆင်ထားသည်။ ညဉ့်ခံဖျော်ဖြေမှုများ ပြုလုပ်ပေးသည်။ အရသာရှိသော ပြင်သစ်၊ အီတလီအစားအစာများ ရောင်းချပေးမည့် အပြင် ဖျော်ရည်များလည်းတင်ထားသည်။ အရှည် ၅၁ မီတာရှိပြီး လူ ၄၀၀ ဆံ့သည်။ ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ (ဝဲပုံ)

(အင်တာနက်)

အကြီးဆုံးနေစွမ်းအင် အဆောက်အအုံ

*ကမ္ဘာပေါ်တွင်အကြီးဆုံး နေစွမ်းအင်အဆောက်အအုံသည် အကျယ်အဝန်းအားဖြင့် စုစုပေါင်း စတုရန်းမီတာ ၇၅၀၀၀ ရှိသည်။ ၎င်းအဆောက်အအုံတွင် ပြခန်းများ၊ သိပ္ပံသုတေသန အဆောက်အအုံများ၊ အစည်းအဝေးခန်းနှင့် လေ့ကျင့်ရေး အဆောက်အအုံများနှင့် ဟိုတယ်တစ်လုံးပါဝင်သည်။ တရုတ်ပြည် ရှန်တုန်ပြည်နယ်တွင် တည်ဆောက်ထားသည်။**(ယာပုံ)***

(အင်တာနက်)

အကြီးဆုံးကုန်ပဒေသာ စတိုးဆိုင်ကြီး

*အဆိုပါ အကြီးဆုံးကုန်ပဒေသာစတိုးဆိုင်ကြီးတွင် ဆိုင်မျိုးစုံဈေးနှင့် ညဉ့်ခံဖျော်ဖြေရေးအဆောက်အအုံ ရှိသည်။ ဘောထုတ်ဆောင်နှစ်ဆောင်ရှိသည်။ ဧရိယာ အကျယ်အဝန်းအားဖြင့် စတုရန်းမီတာ ၅၀၉၈၁၀ ကျယ်ဝန်းသည်။ ကမ္ဘာ့အကြီးဆုံး ကုန်ပဒေသာစတိုးဆိုင်ကြီးဖြစ်သည်။**(အပေါ်ပုံ)** တောင်ကိုရီးယားနိုင်ငံ ပူဆန်မြို့တွင်ရှိပြီး ရှင်စီဂေစန်တွမ်စီးတီးဟု ခေါ်သည်။*

(အင်တာနက်)

နိုင်ငံတကာမှုခင်း

မေတ္တာကမ္ဘာခြားလေပြီမို့လား

ဆွေ - ရေးသားသည်

"ကိုယ်ကျင့်တရားမှားသည် မှန်သည်ဆိုသည်ကို ဆုံးဖြတ်ရန်မှာ ကိုးကွယ်သည့် ဘာသာတရားအပေါ် မူတည်၏။

ဆိုးသည်၊ ကောင်းသည်ဆိုသည်ကို မှတ်ချက်ချရန်မှာ မိမိခံယူချက်၊ ယုံကြည်ချက် အပေါ်မူတည်၏။

သင့်တော်၏၊ မတော်၏ဆိုသည်ကို ဝေခွဲရန်မှာ မိမိဆွေမျိုးအသိုင်းအဝိုင်းနှင့် ရိုးရာဓလေ့ ထုံးတမ်းအပေါ်မူတည်၏။

မိုက်မဲသင့် မသင့်ဆိုသည်ကို ဆုံးဖြတ်ရန်မှာ မိမိ၏အတ္တဘာဝအပေါ် မူတည်၏။

အပြစ်ရှိ မရှိဆိုသည်ကို စီရင်ချက်ချရန်မှာ ပြဋ္ဌာန်းထားသော တည်ဆဲတရားဥပဒေအပေါ်တွင် တည်မှီနေ၏။"

ဤ၌တွင် အမေရိကန်နိုင်ငံသား တက်ဘန်ဒီဆိုသူ၏ လုပ်ရပ်ကို သုံးသပ်ဆုံးဖြတ်နိုင်ရန် ညွှန်းဆိုချင်မိပါဘိ။

သည်လိုပါ။

"လူဆိုးလူရူပ် လူယုတ်မာပင်ဖြစ်လင့်ကစား ဆွဲဆောင်နိုင်စွမ်းရှိ၏။ ဆွဲဆောင်နိုင်သည့် သတ္တိရှိ၏။ ဆွဲဆောင်နိုင်သည့်ညှို့ဓာတ်လည်းရှိ၏။"

ဤအချက်မှန်ကန်ကြောင်း တက်ဘန်ဒီဆိုသူက သက်သေပြလိုက်သည်။ တကယ့်ဖြစ်ရပ်မှန်ပါလေ။

တက်ဘန်ဒီသည် အမေရိကန်ပြည်ထောင်စုသမိုင်းတွင် သတင်းဆိုးဖြင့် ထင်ရှားကျော်ကြား လူသိများခဲ့သော လူဆိုးလူရူပ် လူယုတ်မာတစ်ဦးဖြစ်၏။ လူတစ်ဦးပြီးတစ်ဦး ဆက်တိုက် သတ်ဖြတ်ခဲ့သော လူသတ်ကောင်တစ်ဦးဖြစ်၏။ ဆိုးလိုက်သမှ ကမ်းကုန်ရော့-။

ချစ်ခင်နှစ်သက်

တက်ဘန်ဒီသည် လူချောလူခန့်တစ်ဦး ချစ်ခင်နှစ်သက်ဖွယ် အလွန်ကောင်းသူ၊ ဆွဲဆောင်မှု ညှို့ဓာတ်အပြည့်ရှိသူ၊ အနုပညာမြတ်နိုးသူ၊ ဗဟုသုတကြွယ်ဝသူ။

ဖော်ပြပါ ကြန်အင်လက္ခဏာများအားလုံးသည် သူ့ဘဝတွင် ပိုမိုချစ်နှနယ်သည့် အမျိုးသမီး အများအပြားကို ကာမမှုပြု သတ်ဖြတ်နိုင်သည့် စွမ်းဆောင်ရည်များ ရရှိထားစေသည်။ ပီယဆေး ရထားသကဲ့သို့ ဖြစ်စေသည်။ သူသည် အမျိုးသမီး လူသေအလောင်းများစွာကိုပင် ချမ်းသာမပေးဘဲ ကာမအမှုပြုသည်။ တကယ်ပါနော်။

ဤနေရာတွင် တက်ဘန်ဒီ၏ ထူးခြားသောလုပ်နည်းလုပ်ဟန်လုပ်ရပ်များကို ဆန်းစစ်လိုက်ပေလိမ့်မည်။

သွေးဆောင်ဖြားယောင်း

တက်ဘန်ဒီသည် အမျိုးသမီးသားကောင်များကို သွေးဆောင်ဖြားယောင်းရာ၌ ပြိုင်ဘက် ကင်းသူ၊ အတုမရှိသည့် နည်းပညာသိုမှီးထားနိုင်သူဟု အမွှမ်းတင်သော်များအံ့မထင်....။

အမေရိကန်နိုင်ငံသား တက်ဘန်ဒီ

တက်ဘန်ဒီသည် သူ၏သားကောင်ဖြစ်လာမည့် အမျိုးသမီးများကို ချဉ်းကပ်ရာ၌ ချဉ်းကပ်ခြင်းမပြုမီ အရက်သောက်၏။ လူကြားသူကြားမရှောင် နေ့ခင်းကြောင်တောင်တွင်ပင်ဖြစ်စေ အမျိုးသမီးပျိုများကို ရည်းစားစကား ပြောရဲ၏။ အမျိုးသမီးများ ကြိုက်နှစ်သက်လာအောင်၊ ယုံကြည်လာအောင် ပြောတတ် ဆိုတတ် ပြုမူတတ်၏။ သူ့လက်မောင်းတွင် ဒဏ်ရာရလေဟန် ဒဏ်ရာအတုပြုလုပ်ပြီး ထိုလက်ကို ပတ်တီးသိုင်းကြိုးနှင့်လွယ်ကာ လူနာယောင်ဆောင်လား ဆောင်တတ်သေး၏။ ရံဖန်ရံခါ ရဲတပ်ဖွဲ့ဝင်တစ်ဦး ဟန်ဆောင်တတ်ပြီး တစ်ခါတစ်ရံ မီးသတ်တပ်ဖွဲ့ဝင်ယောင်ဆောင်တတ်သေး၏။ သည်လိုလူစားမျိုးပါ။

သူ့လုပ်နည်းလုပ်ဟန်တစ်ခုကို ထောက်ပြရလျှင် သူသည် အမျိုးသမီးသားကောင်ကို ယုံကြည်လောက်အောင်၊ ကျလောက်အောင်ချွဲပြီး သူ့ကားထဲသို့ ဖြားယောင်းခေါ်ယူသည်။ သွေးဆောင်သည်။ ထိုအမျိုးသမီးသားကောင် ကားထဲရောက်လာသည့်အခါ အမျိုးသမီး ဦးခေါင်းကို သံတူရွင်းဖြင့်ရိုက်သည်။ အမျိုးသမီးမူးမေ့သွားသည့်အခါ ကာမမှုပြုသည်။ ထို့နောက် အမျိုးသမီး၏လည်မျိုကိုညှစ်သည်။ လည်ပင်းအစ်လာသည့်အခါ အသေသတ်လိုက်သည်။ ဤအချက်အလက်များကား တကယ့်ဖြစ်ရပ်မှန် မှတ်တမ်းများဟူသတတ်။

ပြောစရာကျန်နေပါသေး၏။

သွားရောက်

တက်ဘန်ဒီသည် အရူးယောင်ဆောင်ကာ တေလာမောင်တိန်းသင်္ချိုင်းသို့ အကြိမ်ကြိမ်သွားရောက်၍ အမျိုးသမီးအလောင်းများ၏ ကိုယ်လက်အင်္ဂါမျက်နှာများကို မိတ်ကပ်လိမ်းပေးပြီး ထိုအမျိုးသမီးပုပ်စော်နံလာသည်အထိ အတူအိပ်၍နေချင်သလိုနေသည်။ သည်မျှအထိပင်....။

တက်ဘန်ဒီ၏ နောက်ခံသမိုင်းကိုလည်း လှန်လှောကြည့်လိုက်ပါဦး။

သူသည် အသက် ၁၄ နှစ်အရွယ်ကတည်းက လူသတ်မှုများ စတင်ကျူးလွန်ခဲ့သူပါ။ သူ၏ အမျိုးသမီးသားကောင်အများစုသည် သူ့ပထမရည်းစား၊ သူ့ချစ်ဦးသူနှင့်ရုပ်ရည်ရူပကာချင်း ဆင်တူများဟုဆို၏။

တက်ဘန်ဒီသည် အမေရိကန်ပြည်ထောင်စု ဘားမွန့်ပြည်နယ် ဘာလင်တန်မြို့တွင် သားသမီး ၂၂ဦးရှိပြီး လက်မထပ်ဘဲ တစ်ကိုယ်ရေတစ်ကာယနေသည့် မိခင်မှ ၁၉၄၆ ခုနှစ်တွင် မွေးဖွားခဲ့၏။ သူ့ဖခင်အရင်းက သီအိုဒိုရောဘတ်ကိုဝဲပါတဲ့။ တက်ဘန်ဒီဆိုသည့်နာမည်ကို သူ့ပထွေးက ပေးထားခြင်းဖြစ်၏။ သူ့ကိုအဘိုးအဘွားများက သူတို့သားသမီးအရင်းအဖြစ်ယုံကြည်နေအောင် သူ့ကိုအယုံသွင်းထား၏။ သူ့မိခင်သည် တကယ်ပင်သူ့အစ်မဖြစ်သည်ဟု ယုံကြည်နေအောင်လည်း ပြောထား၏။ သူ့ဇာတ်လမ်းက ခပ်ဆန်းဆန်းပေကိုး။

ပူဆွေးတမ်းတ

တက်ဘန်ဒီသည် ကျောင်းသားဘဝတွင် စာတော်သူဖြစ်ပြီး အရည်အချင်းရှိသော ကျောင်းသားတစ်ဦးဟု လူသိများ၏။ ငယ်ရည်းစားက သူ့ကိုအဆက်ဖြတ်သွားခဲ့သည့်အချိန်တွင် သူသည်လည်း အခြားလူငယ်များနည်းတူ ပူဆွေးတမ်းတ ယူကျုံးမရ တသသဖြစ်ခဲ့ရသည်။ ဝမ်းနည်းပက်လက်ဖြစ်ရ၏။ သို့ရာတွင် အခြားလူအများအပြားဖြစ်တတ်သည့် သောကပဋိဒေဝမဖြစ်တတ်။

ပထမသော် ငယ်ရည်းစားနှင့် ပြန်တွေ့ရနိုး၊ တွေ့ရနိုးရှာရင်းဖွေရင်း အချိန်တွေကုန်ခဲ့ရသည်။ မေတ္တာကမ္ဘာခြားလေပြီပေါ့။ ထိုအခြေအနေမျိုးတွင် မထူးဇာတ်ခင်းပြီး အပြစ်မဲ့သူများကို စတင်သတ်ဖြတ်ခဲ့ပါတော့သည်။ နောက်ဆုံးတွင် သူ့ငယ်ရည်းစားက သူ့ကို ပစ်ထားခဲ့သကဲ့သို့ သူကလည်း သူ့ရည်းစားကိုကျောခိုင်းပြီး စွန့်ပစ်လိုက်တော့သည်ဆိုသကိုး။

နောက်ဆုံးတွင်မူကား "မကောင်းတာလုပ်ရင် မကောင်းတာဖြစ်တာပဲ" ဆိုစကားကဲ့သို့ပင် တက်ဘန်ဒီသည်လည်း သူ့အပြစ်ကို သူခံသွားရပါတော့၏။ တရားဥပဒေပြစ်ဒဏ်ကို ရှန်းကန်၍မရတော့။

သေဒဏ်ပေး

မိမိသည် လူပေါင်း ၄၀ထက်မနည်းကို သတ်ဖြတ်ခဲ့ပါသည်ဟု တက်ဘန်ဒီက တရားရုံးတွင် ဖြောင့်ချက်ပေးခဲ့ပြီးနောက် ၁၉၈၉ ခုနှစ်တွင် တက်ဘန်ဒီကို တရားရုံးက သေဒဏ်ပေးလိုက်ချေပြီ။

တက်ဘန်ဒီသည် သူ့ကို တရားရုံးက သေဒဏ်ပေး ကွပ်မျက်ခြင်းမပြုမီ မှတ်မှတ်ရရစကားတစ်ခွန်း ပြောခဲ့ပါသေး၏။

"ကျွန်တော်သည် ကာမရာဂစိတ်ဖြစ်ပေါ်လာစေရန် နှိုးဆွသော ရေးသားပြသမှုများကို စွဲလမ်းနှစ်ခြိုက်ရာက ယခုကဲ့သို့သော လုပ်ရပ်များကို ပြုလုပ်မိခဲ့ရတာပါပဲ"တဲ့ဗျာ။

"ကျွန်တော့်လို လူစားအများကြီး။ ဒါပေမယ့် သူတို့ဘာမှမဖြစ်ကြဘူး"ဟူ၍လည်း ပြောသွားခဲ့လေရဲ့။ ။

ကိုးကား-အင်တာနက်

ကျောင်းဆောင်သစ်နှင့် စာသင်ခုံရှည် ပေးအပ်လှူဒါန်းပွဲ ကျိုက်ထိုမြို့နယ်၌ကျင်းပ

ကျိုက်ထို ဇန်နဝါရီ ၁၄

ကျိုက်ထိုမြို့နယ် ဖက္ကလိပ်ကျေးရွာ အမကဖက္ကလိပ်ကျောင်းတွင် အလျား ပေ ၅၀၊ အနံ ပေ ၃၀၊ အမြင့် ၁၄ ပေ တန်ဖိုးငွေကျပ် ၁၀၇ သိန်းကျော်ရှိ ကျောင်းဆောင်သစ်ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်သစ်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးတင်ဝင်းနှင့် ဆရာ ဆရာမများ၊ အလှူရှင် ဒေါ်ကျင်ရီနှင့်မိသားစုဝင်များ၊ ရပ်မိရပ်ဖများနှင့် ကျောင်းအကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကားပြောကြားပြီး အလှူရှင် ဒေါ်ကျင်ရီ ကိုယ်စား ဦးတင်ထွဋ်က ကျောင်းဆောင်သစ်လှူဒါန်းရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အလှူရှင် ဒေါ်ကျင်ရီက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လည်းကောင်း၊ ဦးတင်လှိုင်-ဒေါ်မြမြဝင်း မိသားစုက စာသင်ခုံရှည်အလုံး ၂၀ ကို လည်းကောင်း မြို့နယ်ပညာရေးမှူး ဦးတင်ဝင်းထံ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ဓာတ်မှန်စက်နှင့် အောက်ဆီဂျင်ပေးစက်များလှူဒါန်း

ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၇

ကျောက်ပန်းတောင်းမြို့နယ်ဆေးရုံကြီးသို့ အီးစီဂျီစက်၊ ဓာတ်မှန်စက်နှင့် အောက်ဆီဂျင်ပေးစက်များ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၆ရက်က ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းနှင့် ခရိုင်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိန်းနိုင်တို့က လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားပြီး အလှူရှင်များဖြစ်သော ဦးအောင်သောင်း၊ ဒေါ်ရီရီချို မိသားစုနှင့် ဦးသန်းဝင်း၊ ဒေါ်တင်တင်ကြီးတို့က စက်ပစ္စည်းများနှင့် စာရွက်စာတမ်းများကို ဒေါက်တာဦးသိန်းနိုင်ထံ ပေးအပ်လှူဒါန်းသည်။

(မြို့နယ်ကျန်းမာရေး)

ရန်ကုန်မြို့တာမွေမြို့နယ် ငွေကြွယ်(က)ရပ်ကွက် ဓာတိကလမ်းနေ ဖခင် ဦးသောင်း တစ်နှစ်ပြည့်အား ရည်စူး၍ ကျန်ရစ်သူ သားသမီး၊ မြေးတစ်စုတို့က ဆွမ်းပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီး ထံ ပေးအပ် လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ထူးချွန်ဆုချီးမြှင့်

ကြည့်မြင်တိုင်မြို့နယ် အမှတ်(၃) အခြေခံပညာဦးစီးဌာန ဘက်စုံပညာထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂ရက်က အထက(၁) မြဝတ်ရည်ခန်းမ၌ကျင်းပရာ အခြေခံပညာဆရာဆရာမများ အထူးမွမ်းမံသင်တန်းတွင် စံပြဆုရ ဒေါ်နီနီထွန်း (အထက-၅) အား မြို့နယ်ပညာရေးမှူး ဦးအောင်မြင့်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

မော်တော်ယာဉ်များကြံ့ခိုင်မှု နမ့်ခမ်းမြို့နယ်၌ စစ်ဆေး

နမ့်ခမ်း ဇန်နဝါရီ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေသည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၈ရက်က နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရှိ မော်တော်ယာဉ်ဂိုဒေါင်၌ထားရှိသော မော်တော်ယာဉ်များအား ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်းက ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**

မှာကြား

ထို့နောက် ဒုတိယအင်ဂျင်နီယာမှူးကြီးသည် အဖွဲ့ပိုင်မော်တော်ယာဉ်များအား စနစ်တကျမောင်းနှင်ရန်နှင့် စက်ပိုင်းဆိုင်ရာများ အစဉ်ကောင်းမွန်ကြံ့ခိုင်ရေးတို့ကို မှာကြားသည်။ **(၁၂၃)**

ပြန်ကြားရေးဝန်ကြီးဌာနမှလှူဒါန်းသော DTH စလောင်းနှင့် ဆက်စပ်ပစ္စည်းပေးအပ်ပွဲကျင်းပ

ကျိုင်းတုံ ဇန်နဝါရီ ၁၇

ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော DTH စလောင်းနှင့် ဆက်စပ်ပစ္စည်းများပေးအပ်ပွဲကို ဇန်နဝါရီ ၅ရက်က ကျိုင်းတုံမြို့နယ်အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်က DTH စလောင်းလှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော DTH စလောင်းငါးစုံကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခမ်လျန်ဆုမ်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေမောင်းတို့က မိုင်းအင်း၊ နောင်တောင်း၊ ပန်မတ်၊ မိုင်းပတ်(အထက်)နှင့် ဝမ်တာပုံကျေးရွာများသို့ ပေးအပ်ရာ သက်ဆိုင်ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌများက လက်ခံယူကြသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ်သတင်းများ

မြေစာရင်းရုံးသစ် အဆောက်အအုံဖွင့်ပွဲ လားရှိုးခရိုင် သိန်းနီမြို့၌ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် မြေစာရင်းရုံးသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ရက် နံနက် ၉နာရီကကျင်းပရာ ပြည်နယ်မှူး ဦးတင်ဦး၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးအောင်ကျော်ထွန်းနှင့် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးအောင်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

ဒီဇင်ဘာ၂၃ရက်က သဃၤန်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၄)ရပ်ကွက်၌ ရပ်ကွက်ဥက္ကဋ္ဌ ဦးသင်းနိုင်ဦးနှင့်အဖွဲ့၊ အမက(၁၇)မူလွန် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ရေနံ့သာ စည်ပင်သာယာဈေးကြီး တာဝန်ခံနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ ရပ်ကွက်အတွင်းရှိ စာသင်ကျောင်း၊ ဈေးနှင့်လူနေအိမ်များတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ဖုံး၊ သွန်၊ လဲ၊ စစ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (၁၂၁)

ဂုဏ်ပြုဆု

ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၈ ရက်က ကျင်းပရာ တိုင်းအဆင့် အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲ၌ ပထမ ထူးချွန်ဆုရရှိသော ဆဋ္ဌမတန်း ကျောင်းသား မောင်မင်းသန့်အား ကျောင်းအုပ်ဆရာကြီး ဦးစိန်သွေးက ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (ပညာရေး)

ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ရောင်းချပေးနေသော

သမ္မတ နိဗ္ဗာန်ကုန်ဆိုင်ကြီး

ကြေး/ကျောက်ဆင်းတုတော်အမျိုးမျိုး ဘုရားပလ္လင် နှင့် တရားဟောပလ္လင်မျိုးစုံတို့ကို မန္တလေးလက်ရာစစ်စစ် မန္တလေးဈေးနှုန်းဖြင့် လက်လီ/ လက်ကား ဝယ်ယူရရှိနိုင်ပါသည်။ ရွှေအစစ်ချခြင်းလုပ်ငန်းများကိုလည်း အာမခံဖြင့် လက်ခံဆောင်ရွက်ပေးနေပါသည်။

EVER TOP FOREIGN LANGUAGE CENTRE

JAPANESE | ENGLISH | MALAY

CHINESE | KOREAN

မြန်မာ့အစဉ်အလာနှင့် ဆေးပညာနှင့် ...



ကွယ်လွန်သူ မင်္ဂလာသန်းမြင့်(ခ)ဦးသန်းမြင့်(ခ)ဟာရွတ်ရရှစ်၏ သားဖြစ်သူ မောင်သန်းဇော်ဦး၊ သမီး မစန်းစန်းအေး၊ သား မောင်မင်းသန်းထိုက်၊ သမီး မဌေးနန္ဒာမြင့်တို့နှင့်တကွ အများသိစေရန်ကြေညာချက်

ကျွန်မ၏ခင်ပွန်းဖြစ်သူ မင်္ဂလာသန်းမြင့်(ခ)ဦးသန်းမြင့်(ခ) ဟာရွတ်ရရှစ်သည် ၂၇-၁-၁၉၉၈ရက်တွင် ကွယ်လွန်ခဲ့ပြီးနောက် သားအကြီးဖြစ်သူ မောင်သန်းဇော်ဦးအား မိခင်ဖြစ်သူ ကျွန်မ ဒေါ်သန်းသန်းဌေး(ခ)ဒေါ်ဆာရာဘီဘီမှ ကွယ်လွန်သူ ဖခင်ကျန်ရစ်ခဲ့သည့် အမွေပစ္စည်းများဖြစ်သော ရွှေ့ပြောင်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအပေါ် လိုအပ်သလိုဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် သဘောရိုးဖြင့် ကိုယ်စားလှယ်လွှဲစာကို လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါ သားဖြစ်သူ မောင်သန်းဇော်ဦးသည် မိခင်ဖြစ်သူအား အသိပေးပြောကြားခြင်း၊ သဘောတူညီချက်ရယူခြင်းမရှိဘဲ ၎င်း၏တစ်ဦးတည်းသဘောဆန္ဒတစ်ခုတည်းဖြင့် ဖခင်ဖြစ်သူ မင်္ဂလာသန်းမြင့် ကွယ်လွန်ချိန်တွင် ကျန်ရစ်ခဲ့သော အမွေပုံပစ္စည်းများအပေါ် မောင်သန်းဇော်ဦးနှင့်တကွ ကျန်ညီအစ်ကိုမောင်နှမများ၊ ၎င်းတို့၏ ခင်ပွန်း၊ ဇနီးများ၊ ဆွေမျိုးအသိုင်းအဝိုင်းများမှ အတူပူးပေါင်း၍ ရယူရန် စီစဉ်ဆောင်ရွက်နေကြောင်း မိခင်ဖြစ်သူ ကျွန်မမှ မြင်တွေ့သိရှိခဲ့ရပါသည်။ မိခင်ဖြစ်သူ ကျွန်မဒေါ်သန်းသန်းဌေး (ခ) ဒေါ်ဆာရာဘီဘီအား မဟုတ်မမှန်သော စွပ်စွဲချက်များဖြင့် သား မောင်သန်းဇော်ဦး၊ သမီး မစန်းစန်းအေး၊ သား မောင်မင်းသန်းထိုက်၊ သမီး မဌေးနန္ဒာမြင့်တို့က မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရွှေမြယာအိမ်ရာ၊ တိုက်အမှတ် ၁၂နေအိမ်မှ မောင်းချခဲ့သဖြင့် မိခင်ဖြစ်သူကျွန်မမှာ နေအိမ်မှဆင်းပေးခဲ့ရပါသည်။ ယခုအခါ မိခင်ဖြစ်သူကျွန်မမှ ကွယ်လွန်သူ ခင်ပွန်းဖြစ်သူ မင်္ဂလာသန်းမြင့်(ခ)ဦးသန်းမြင့် ကျန်ရစ်သော ရွှေ့ပြောင်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအပေါ် သက်ဆိုင်ရာ တရားရုံးတွင် ဥပဒေနှင့်အညီ လျှောက်ထားတောင်းဆိုသွားရန်ကိစ္စကို စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုကာလအတောအတွင်းတွင် မည်သူမှ မင်္ဂလာသန်းမြင့်(ခ) ဦးသန်းမြင့်(ခ) ဟာရွတ်ရရှစ် ကျန်ရစ်သော ရွှေ့ပြောင်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအပေါ် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ တစ်နည်းနည်းဖြင့် ထုခွဲရောင်းချခြင်း၊ အာမခံတင်သွင်းခြင်းတို့ကို ဒေါ်သန်းသန်းဌေး(ခ) ဒေါ်ဆာရာဘီဘီ၏ သဘောတူခွင့်ပြုချက်မရရှိဘဲ လုပ်ဆောင်ခြင်းမပြုကြရန် ဟန့်တားတောင်းဆိုလိုက်ပါသည်။

၎င်းအပြင် ကျွန်မဒေါ်သန်းသန်းဌေး(ခ)ဒေါ်ဆာရာဘီဘီမှ သားဖြစ်သူ မောင်သန်းဇော်ဦးအား လွှဲအပ်ခဲ့သော ကိုယ်စားလှယ်လွှဲစာများကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်းနှင့် မောင်သန်းဇော်ဦးမှ အဆိုပါ ကိုယ်စားလှယ်လွှဲစာများကို အခြေခံပြီး ပိုင်ဆိုင်မှုများ လွှဲပြောင်းရန် စီစဉ်ဆောင်ရွက်မည်ဆိုပါက မောင်သန်းဇော်ဦးနှင့်တကွ အပေါင်းပါများအားလုံးကို တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းဌေး(ခ)ဒေါ်ဆာရာဘီဘီ
၁၂/ပဇတ(နိုင်)၀၁၆၂၁၁။

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ (၃၃)လမ်း၊ အမှတ်(၂၅၅)တွင် နေထိုင်သော ဦးဇော်မင်းထွန်း(ဘ)ဦးဖုန်း ၇/ပခန(နိုင်)၁၃၄၈၅၆ သိစေရန် အသိပေးကြေညာချက်

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ (၃၃) လမ်း၊ အမှတ် (၂၅၅) ဟုခေါ်တွင်သည့် နေအိမ်နှင့် အောက်ခံမြေကွက်ဖြစ်သည့် ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ကွင်းအမှတ်- ၁၆ အေ၊ မိုင်တာရပ်၊ ဦးပိုင်အမှတ်-၂၉(ခ)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဘိုးဘပိုင်မြေကွက်တို့မှာ မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးအောင်ဖေကြည်နှင့် သားသမီး ငါးဦးတို့ထံမှ ပဲခူးမြို့စာချုပ်မှတ်ပုံတင်ရုံး ၂၀၀၅ ခုနှစ် မှတ်ပုံတင်စာချုပ်အမှတ်-၂၀၉ အရ ကျွန်မဒေါ်တင်အေး(ဘ) ဦးကျောင်းမောင် ၉/မခန(နိုင်)၀၄၈၉၇၁ က ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

အဆိုပါအိမ်နှင့်မြေပေါ်တွင် ဦးဇော်မင်းထွန်းနှင့် ဇနီးဖြစ်သော ကျွန်မ၏သမီးဖြစ်သူ ဒေါ်ညိုညိုစန်းတို့အား မိခင်ဖြစ်သည့်ကျွန်မက မေတ္တာဖြင့်နေထိုင်ခွင့် ပြုထားခဲ့ပါသည်။ ဦးဇော်မင်းထွန်းနှင့် ဒေါ်ညိုညိုစန်းတို့သည် ၁၈-၁၂-၂၀၀၉ ရက်က ပဲခူးခရိုင်တရားရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီး ထိုသို့ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ကြောင်းကိုလည်း ဦးဇော်မင်းထွန်းက ၂၂-၁၂-၂၀၀၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြေညာခဲ့ပါသည်။

သို့ဖြစ်ရာ ဦးဇော်မင်းထွန်းနှင့် ကျွန်မ ဒေါ်တင်အေးတို့မှာ မည်သို့မျှ ပတ်သက်ခြင်း မရှိကြတော့သည့်အတွက် အဆိုပါအိမ်နှင့် မြေပေါ်တွင် ဆက်လက်ထားရှိလိုသောဆန္ဒ လုံးဝမရှိတော့ပါသောကြောင့် ဦးဇော်မင်းထွန်းအနေဖြင့် ၂၄-၁-၂၀၁၀ ရက် နောက်ဆုံးထားပြီး အပြီးအပိုင် ဖယ်ရှားထွက်ခွာသွားစေလိုပါသည်။ ပျက်ကွက်ပါက ဦးဇော်မင်းထွန်းအပေါ် ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဒေါ်တင်အေး
၉/မခန(နိုင်)၀၄၈၉၇၁
အမှတ် (၂၇၇၃)၊ အင်းဝင် (၇) လမ်း၊
နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့။

ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

ကျွန်တော်များ Genergy International Co.,Ltd.(Generator Sales & Service) သည် ယခင်အမှတ် ၆၂၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်မှ ယခုလိပ်စာအသစ်ဖြစ်သော အမှတ် ၆၄ (ဆ/၁)၊ ကျိုက်ဝိုင်းဘုရားလမ်းမကြီး၊ မရမ်းကုန်းမြို့နယ် ဖုန်း-၆၆၂၇၉၂၊ ၀၉-၅၀၂၂၁၇၈၊ ၀၉-၈၀၂၂၁၇၈တို့သို့ ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ပါကြောင်း မိတ်ဟောင်းမိတ်သစ်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

Genergy International Co.,Ltd.(Generator Sales & Service)

FAME Wheatgrass®
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
ဂျုံမြက်နုအားဆေး

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဆိပ်ဖြူမြို့နယ် ကျောင်းပေါင်းစုံဘောလုံးပြိုင်

ဆိပ်ဖြူ ဇန်နဝါရီ ၄

၂၀၀၉-၂၀၁၀ပညာသင်နှစ် မကွေးတိုင်း ဆိပ်ဖြူမြို့နယ် ကျောင်းပေါင်းစုံမူလတန်းအဆင့် (ယူ-၁၀)ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၉ရက်မှ ၂၃ရက်အထိ ပညာရေးနယ်မြေအလိုက် အသင်းပေါင်း ၁၀သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

ဗိုလ်စွဲ

ထို့နောက် သက်ငယ်တန်း မိုက္ကရိုမာရသွန်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၃ ရက်က ကျင်းပပြီး ဘောလုံးဗိုလ်လုပွဲ ဆက်လက်ယှဉ်ပြိုင်ရာ (ဆိပ်ဖြူ) ပညာရေးနယ်မြေအသင်းက (ကဖွန်းမ) ပညာရေးနယ်မြေအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်

ဆက်လက်၍ ဆုပေးပွဲကိုကျင်းပရာ မိုက္ကရိုမာရသွန်ဆုနှင့် ဘောလုံးနေရာလိုက်အကောင်းဆုံးဆုများ၊ အသင်းလိုက် နှစ်သိမ့်ဆု၊ တတိယဆုနှင့် ပထမဆုများကို နယ်မြေအလိုက် ကျောင်းအုပ်ကြီးများက ဆုများချီးမြှင့်ကြပြီး မြို့နယ်ပညာရေးမှူး ဦးဗိုလ်ဌေးက ပထမဆုရ ဆိပ်ဖြူပညာရေးနယ်မြေ(က)အသင်းအား မြို့နယ်ပညာရေးမှူးဒိုင်းဆုကြီးနှင့် ငွေသားဆုများ ချီးမြှင့်သည်။

(အပေါ်ဝဲပုံ)
(မြို့နယ် ပြန်/ဆက်)



ကျောင်းဆောင်သစ်လွှဲပြောင်း

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သရက်ခရိုင် မင်းတုန်းမြို့နယ် မဲဇလီကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဆောင်သစ်ကို ဒီဇင်ဘာ ၁၆ရက်က ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသာညွန့်၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်စိုးနှင့် အုပ်စုဥက္ကဋ္ဌ ဦးတင်အောင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ကျေးလက်လမ်း

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးလက် ငွေမေတ္တာလမ်း ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးညွန့်လှိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေတမာပင်များ စိုက်ပျိုး

ဒီပဲယင်းမြို့ မြို့ဝင်မြို့ထွက်နှင့် လယ်ဘေး ဝဲယာတစ်လျှောက် စိမ်းလန်းစိုပြည်ရေးအတွက် အမှုဆောင်အရာရှိ ဦးတိုးကြည်၊ တာဝန်ခံအင်ဂျင်နီယာ ဦးဝေလင်းရှိန်နှင့် ဝန်ထမ်းများက ရေတမာပင်များ စိုက်ပျိုးစဉ်။

(မြို့နယ်စည်ပင်)

သောက်သုံးရေလုံလောက်မှု ရရှိနိုင်ရေးအတွက် ရေထွက်နှုန်းတိုင်းတာ

မတူပီ ဇန်နဝါရီ ၁၀

မတူပီမြို့ ပြည်သူများ သောက်သုံးရေလုံလောက်မှု ရရှိနိုင်ရေးအတွက် မတူပီမြို့မှ ၁၂မိုင်ရှိ ရေထွက်နေရာ လေးနေရာသို့ အမှုဆောင်အရာရှိ ဦးလှိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကံလင်းတို့ ဒီဇင်ဘာ ၅ရက်က ရေထွက်နှုန်းအခြေအနေကို သွားရောက်ကြည့်ရှုတိုင်းတာမှုများ ဆောင်ရွက်ကြသည်။ ***(ပြည်နယ် ပြန်/ဆက်)***

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✻ VOA, BBC - ရန်တိုက်ပေးနေသည်။

✻ RFA, DVB - သွေးထိုးနေသည်။

✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✻ နားမယောင်လေနဲ့ သတိထား။

ဘားအံ-ကော့ကရိတ်-မြဝတီလမ်းပိုင်း လမ်းအဆင့်မြှင့် ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၄ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် နယ်မြေခံတပ်ရင်းခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များအားတွေ့ဆုံ၍ အမှာစကားပြောကြားပြီး အားကစားပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။ *စာမျက်နှာ ၆ ကော်လံ ၁* ●

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ဂျိုင်း(ကော့ကရိတ်)တံတား၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အရာတော်မြို့ အမှတ်(၂)ရပ်ကွက်ရှိ ရေလျှံတွင်းမှ ရေများပန်းထွက်နေသည်ကို ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-နေလင်းအောင်(ပြန်/ဆက်)

ရေကိုသာလိုသည့်ဆန္ဒ ပြည့်ဝခဲ့ပြီ

နေပြည်တော် ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်း မုံရွာခရိုင် အရာတော်မြို့သည် မုံရွာမြို့၏ အရှေ့ဘက် ၂၇မိုင်အကွာ မုံရွာ-ရွှေဘိုကားလမ်းပေါ်တွင် တည်ရှိသည်။ အရာတော်မြို့နယ်သည် မိုးနည်းရေရှားအရပ်ဖြစ်၍ တစ်ချိန်က မိုးရေဖြင့်သာ စိုက်ပျိုးရေးကို အားထားကြရပြီး နွေကာလများတွင် *စာမျက်နှာ ၇ ကော်လံ ၁* ❒

သတင်းဆောင်းပါး - တင်သန်းဝင်း (ပြန်/ဆက်)
ဓာတ်ပုံမှတ်တမ်း - နေလင်းအောင် (ပြန်/ဆက်)
စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)